မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ်(၃၂၂)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ

ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြား

ရန်ကုန် ဩဂုတ် ၂၂

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က ဆက်လက်ဖတ်ကြား တင်ပြကြသည်။

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေး ပါတီနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊

စာမျက်နှာ ၆ ကော်လံ ၃ ●

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

23-8 (01) 1 8/23/07, 1:37 AM

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၃ရက်)

သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းစေနိုင်မည့် ကျွန်း အထူးစိုက်ခင်းများ ပိုမိုစိုက်ပျိုးထူထောင်

မြန်မာ့ကျွန်းသစ်သည် အရည်အသွေး ထူးခြားကောင်းမွန်သည်။ ကမ္ဘာတွင် မြန်မာ့ကျွန်းသစ်သည် မျက်နှာပန်းလှထင်ရှားသည်။ နိုင်ငံတော်၏ ပြည်ပဝင်ငွေရှာဖွေပေးနေသည့် ပို့ကုန်လည်းဖြစ်သည်။

ကျွန်းသစ်ကို သစ်ပါးလွှာအမျိုးမျိုး၊ စက်ခွဲအတန်းအစားအမျိုးမျိုး၊ ပါကေးကြမ်းခင်းပြားများ၊ ခေတ်မီပရိဘောဂများအဖြစ် ထုတ်လုပ်ကာ ပြည်တွင်း၊ပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးတင်ပို့ရောင်းချလျက်ရှိသည်။

ကျွန်းပင်ကို စီးပွားဖြစ်ခုတ်လှဲနိုင်ရန် သက်တမ်းနှစ် ၁၀၀ မှ ၁၅၀ အထိ ကြာမြင့်သည်။

သစ်ပင်သစ်တောများ ပြုစုထူထောင်ခြင်းသည် ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိပေးနိုင်သကဲ့သို့ စီးပွားရေးအရလည်း အကျိုးဖြစ်ထွန်းသည်။

ပဲခူးရိုးမကို ကျွန်းသစ်ပေါက်ရောက်ဖြစ်ထွန်းရာ ဒေသတစ်ခုအဖြစ် အစဉ်တည်မြဲစေရန် ကျွန်း အထူးစိုက်ခင်းများ ထူထောင်လျက်ရှိသည်။ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် မေလအထိ သစ်တောစိုက်ခင်း ၆၆၁၈ ဧက စိုက်ပျိုးထားသည်။

သစ်တောရေးရာဝန်ကြီးဌာနက ကျွန်းတစ်အုပ်တစ်မ စိုက်ခင်းများ မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝနှင့်ကိုက်ညီသော ဒေသများ၌ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ နိုင်ငံတစ်နံတစ်လျား ပေါက်ရောက် ဖြစ်ထွန်းရှင်သန်စေရေး ထူထောင်သွားရန်မှာ အရေးကြီးသည့် လုပ်ငန်းစဉ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ကျွန်းအထူးစိုက်ခင်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုးပမ်းလုပ်ဆောင် နေကြသကဲ့သို့ ဒေသခံပြည်သူများကလည်း သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခြေစိုက်အလုပ်ရုံ(ဆွာ)နှင့် အမှတ်(၂၀)သစ်စက်(သာဂရ) ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၂၀ရက် နံနက်ပိုင်းက မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ဆွာ)သို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ တာဝန်ခံမန်နေဂျာ(အင်ဂျင်နီယာ) ဦးကျော်မြင့်နှင့် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးညွန့်ဦးတို့က အလုပ်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်မာ့သစ်လုပ်ငန်းအခြေစိုက်အလုပ်ရုံ (ဆွာ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက ခြိုးခြံချွေတာရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ လာဘ်ပေးလာဘ်ယူမှု မပြုလုပ်ရေး၊ သီးပင်စားပင် နှစ်ရှည်ပင်များ စိုက်ပျိုးရေး၊ ယာဉ်ပြင်များ အရည်အသွေး တိုးတက်ရေးအတွက် သင်တန်းများ ပို့ချပေးရေးတို့ကို မှာကြားပြီး အလုပ်ရုံအတွင်း ပစ္စည်းသိုလှောင်ရုံများ၊ ယာဉ်ပြုပြင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၂၀)သစ်စက် (သာဂရ)သို့ ရောက်ရှိကြရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးလက်ထောက် မန်နေဂျာ ဦးမောင်မောင်သစ်က စက်ရုံ၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ အင်ဂျင်ခန်း၊ ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၂၃-၈-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၅၀	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၁၄)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	England Home Game Matches (2007-2008) ဘောလုံးပွဲ England Vs Germany (SDD)

မရမ်းကုန်း သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း ဆောက်လုပ်ရန်ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသော တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ဦးဝင်းလွင်၊ ဒေါ်နီနီဝင်း(ဘုရင့်နောင်ပွဲရုံ)က ငွေကျပ်တစ်သိန်း လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဝင် ဦးသန်းလွင်နှင့် ဦးသိန်းထွန်းတို့က လက်ခံရယူသည်။

(အောက်ပုံ)

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါစောင်းတန်းတော်ကြီးတည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်း(၃)လမ်းနေ နိုင်သာဇီ-မိညွန့်သန်း၊ နိုင်ရွှေငြိမ်း-မိအေးထွေး သားသမီး၊ မြေးမြစ်တစ်စုတို့က ဘီလူးကျွန်းချောင်းဆုံမြို့နယ် ရွာလွတ်ရွာနေ မိခင်ကြီး မိစောရှင်(ခ)ဒေါ်ဘုတ်အား ရည်စူး၍ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အခြေခံမူများအပေါ်အခြေခံပြီး ကျန်အခန်းခေါင်းစဉ်များအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်ခဲ့ အခြေခံမူများသည် နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ် လိုက်နာဆောင်ရွက်သွားဖို့ရည်ရွယ်

ရန်ကုန် ဩဂုတ် ၂၂

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့်အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များနဲ့စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ အကြံပြုချက်စာတမ်းများကိုပြုစုပြီး ၂၀၀၇ခုနှစ် ဩဂုတ်လ ၁၃ရက်နေ့မှ ၁၅ရက်နေ့အထိ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးများမှာ ဖတ်ကြားတင်ပြခဲ့ကြတာ ညီလာခံကိုယ်စားလှယ်များအားလုံး သိရှိကြပြီးဖြစ်ပါတယ်။ အဲဒီ အကြံပြုချက်တွေအနက် အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအတွင်းက ကောင်းမွန်သင့်မြတ်တဲ့အကြံပြုချက်များကို တင်ပြခဲ့ကြပါတယ်။ ကိုယ်စားလှယ်အစုအဖွဲ့အချို့က တင်ပြထားတဲ့ သီးခြားအကြံပြုချက်အချို့ဟာဆိုရင် နိုင်ငံတော်နဲ့ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမယ့် အကြံပြုချက်များဖြစ်တဲ့အတွက် အဲဒီအကြံပြုချက်များနဲ့စပ်လျဉ်းလို့ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို သဘာပတိအဖွဲ့များမှ တစ်ဆင့် ရယူခဲ့ပါတယ်။

အဲဒီနောက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်တဲ့အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းလို့ ညီလာခံကိုယ်စားလှယ်များရဲ့ အကြံပြုချက်တွေကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက အသေးစိတ်လေ့လာခဲ့ပါတယ်။ အဲဒီလိုလေ့လာပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ပြည့်စုံရှင်းလင်းစွာ ပြုစုထားတဲ့ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်တဲ့အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းတဲ့ ရှင်းလင်းချက်ကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က အသေးစိတ်လေ့လာပြီး အတည်ပြုခဲ့ပါတယ်။ အဲဒီလို အတည်ပြုခဲ့တဲ့ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်တဲ့အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့်အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနဲ့ စပ်လျဉ်းပြီးရှင်းလင်းတင်ပြရာမှာ အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့စုစည်းချက်အပိုဒ် (၃)နဲ့စပ်လျဉ်းပြီး–

"၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မယ့် 'နိုင်ငံတော်အခြေခံမူများအခန်း'အတွက် နိုင်ငံတော်အခြေခံမူ ၁၀၄ ချက်ကို ချမှတ်ခဲ့ပါတယ်။ အဲဒီလိုချမှတ်ခဲ့တဲ့ အခြေခံမူများအပေါ်အခြေခံပြီး ကျန်အခန်းခေါင်းစဉ်များအတွက် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ခဲ့တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီအခြေခံမူများဟာ နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ် လိုက်နာဆောင်ရွက်သွားဖို့ရည်ရွယ်ပြီး ချမှတ်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ ဒီအခြေခံမူတွေနဲ့အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်မှာဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ အချိန်အခါအရ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေနဲ့ အချိန်အခါမကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ် တရားစွဲဆိုမှုများပြုလုပ်လာမယ်ဆိုရင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေနိုင်ပါတယ်။ ဒီလို မဖြစ်စေဖို့ နိုင်ငံတော်အား အကာအကွယ်ပြုပေးမယ့် အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားဖို့ လိုမယ်လို့ သုံးသပ်ရရှိပါတယ်။

ဒီအချက်နဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ထည့်သွင်းသတ်မှတ်မယ်ဆိုရင် အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ် (၃)တွင် ဖြည့်စွက်ဖော်ပြသင့်တယ်လို့ သဘောရရှိပါတယ်။ အဲဒီအသေးစိတ်အခြေခံရမယ့်မူတွင် **'နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်'**လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီ အသေးစိတ်အခြေခံရမည့်မူနဲ့ဆက်ပြီး **'နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ'**ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း သုံးသပ်ရရှိပါတယ်"

လို့ ရှင်းလင်းပြောကြားပြီးနောက် နိုင်ငံတော်အခြေခံမူများပါ သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှကာကွယ်ပေးမည့် အခြေခံမူတစ်ရပ် ချမှတ်ရေးနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)တွင် ဖော်ပြထားသည့်–

ရှင်းလင်းပြောကြား

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦး အောင် တိုး ရှင်းလင်း ပြောကြားစဉ်။
(သတင်းစဉ်)

> **"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"**

ဆိုတဲ့စကားရပ်နှင့်ဆက်၍–

> **"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ"**

ဆိုသောစကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
    - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
    - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
    - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
    - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
    - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
    - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
    - ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
    - 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့
- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးက လည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက် အပိုဒ်(၃)တွင် ဖော်ပြထားသည့်–

> **"နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"**

ဆိုသော စကားရပ်နှင့်ဆက်၍–

> **"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"**

လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂၇ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း' အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ် ၅၀ အဖြစ် **"ဤအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကိုဆိုလိုသည်"** လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီ အသေးစိတ် အခြေခံရမယ့်မူပါ ဖော်ပြချက်အရဆိုရင် 'နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း' ရှိ ' နိုင်ငံတော်'ဆိုတဲ့ စကားရပ်များနဲ့သာ အကျုံးဝင် သက်ဆိုင်မယ့်သဘော သက်ရောက်နေပါတယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် အခန်း(၁)ဖြစ်တဲ့ "နိုင်ငံတော်အခြေခံမူများအခန်း"တွင်လည်း 'နိုင်ငံတော်'ဆိုတဲ့ စကားရပ်များ အများအပြား ပါရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအခန်းမှာ ဖော်ပြထားတဲ့ 'နိုင်ငံတော်'ဆိုတဲ့ စကားရပ်များရဲ့ အဓိပ္ပာယ်ရှင်းလင်း ဖွင့်ဆိုချက်ကို တစ်ပါတည်း အကျုံးဝင် သတ်မှတ်ပြီး ဖြစ်စေဖို့ ဖော်ပြပါ အပိုဒ် ၅၀တွင် ထပ်မံ ဖြည့်စွက်သင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါ့အပြင် အဲဒီအပိုဒ်မှာ 'အဖွဲ့အစည်း'ဆိုတဲ့ စကားရပ်ကိုသာ ရည်ညွှန်းဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဥပဒေပြုမှု အခွင့်အာဏာနဲ့ အုပ်ချုပ်မှု အခွင့်အာဏာကို အဖွဲ့အစည်းအနေနဲ့ ကျင့်သုံးတာရှိသလို ပုဂ္ဂိုလ်အနေနဲ့ ကျင့်သုံးရတာလည်း ရှိကောင်းရှိနိုင်ပါတယ်။ အဲဒီလို အခြေအနေမျိုး ရှိလာခဲ့ရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာ ပေါ်ပေါက်နိုင်ပါတယ်။ ယခုကတည်းက အသေးစိတ်အခြေခံရမယ့်မူတွင် ပြည့်စုံအောင် ထည့်သွင်းဖော်ပြလိုက်မယ်ဆိုရင် နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ရှိနိုင်မယ်မဟုတ်ပါ"လို့ ရှင်းလင်းပြောကြားပြီးနောက် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" စုစည်းဖော်ပြချက်အပိုဒ်(၅၀)တွင် ဖော်ပြထားသည့်–

> **"ဤအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်းကို ဆိုလိုသည်"**

ဆိုတဲ့ စကားရပ်အစား–

> **"ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော် အခြေခံမူများအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကို ထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်သင့်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့ အချက်ကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
    - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
    - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
    - ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ
    - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
    - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
    - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
    - ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
    - 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့
- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့(၃)ဦးက လည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" စုစည်းဖော်ပြချက် အပိုဒ်(၅၀)အဖြစ်–

စာမျက်နှာ ၄ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်

စာမျက်နှာ ၃ မှ

"ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်"

လို့ ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့စပ်လျဉ်းပြီး ကျွန်တော်ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလိုရှင်းလင်းတင်ပြစဉ်က ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများရဲ့ အရည်အချင်းနဲ့စပ်လျဉ်းပြီး အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၃)တွင်"တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖော်ပြခဲ့ပါတယ်။ ဒီလိုဖော်ပြခဲ့တာဟာ အနည်းဆုံးလိုအပ်ချက် မည်မျှဖြစ်ရမယ်ဆိုတာ ပေါ်လွင်စေလို၍ ဖြစ်ပါတယ်။

ဒါပေမယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး အပိုဒ် ၁၁၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ်(၂)တွင် "တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖော်ပြခဲ့ပါတယ်။ ဒီဖော်ပြချက်မှာ လေ့လာကြည့်ရင် "အနည်းဆုံး"ဆိုတဲ့ စကားရပ်မပါရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့နောက်စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန်လည်းကောင်း "အနည်းဆုံး" ၁၅ နှစ်လို့ သုံးနှုန်းသင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၂)ရှိ "တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"ဆိုတဲ့ စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူ အဖြစ်ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"လို့ ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလိုလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးက လည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံ ကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့အရည်အချင်း၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၂) အဖြစ်–

"တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"

လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများ အခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ်(ခ)ရှိ နိုင်ငံတော်၏ ဦးတည်ချက်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၄)တွင် "စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး"ဟုလည်းကောင်း၊ အပိုဒ်(ဂ)ရှိ ပါတီစုံဒီမိုကရေစီနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူအဖြစ်"နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"ဟုလည်းကောင်း၊ အပိုဒ်(လ)တွင်"နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်" ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်တဲ့အခါ အပိုဒ်(၂) အပိုဒ်ခွဲ(က)တွင် "နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"လို့ ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"ဆိုတဲ့ စကားရပ်အစား**"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်လို့"** ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုဖို့ ဖြစ်ပါတယ်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်း ဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
  - 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

"နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ "စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်"ဆိုတဲ့စကားရပ်အစား "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"

လို့ ဖြည့်စွက်၍ အခြေခံမူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများ ချမှတ်စဉ်က အပိုဒ်(ဈ)ရှိ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၁)တွင် "နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တရားရုံးများအပါအဝင် အဆင့်ဆင့်သောတရားရုံးများအား ခွဲဝေအပ်နှင်းသည်"ဟုလည်းကောင်း၊ အပိုဒ်ခွဲ(၂)တွင် "ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော်တစ်ရပ် ထားရှိသည်၊ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်"ဟုလည်းကောင်း၊ အပိုဒ်ခွဲ(၃)တွင် "ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာများရှိသည်"ဟုလည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"ဟု ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)၊ အပိုဒ်ခွဲ(၁) (၂) (၃)တို့ရှိ "ပြည်ထောင်စုတရားလွှတ်တော်"ဆိုတဲ့စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
  - 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးက လည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့(၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

"နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁) (၂) (၃) တို့ရှိ "ပြည်ထောင်စုတရားလွှတ်တော်"ဆိုတဲ့စကားရပ်အစား "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"

လို့ ဖြည့်စွက်၍ အခြေခံမူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၆ခုနှစ် မတ်လ ၂၉ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က–

အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဇ)တွင် "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။

ဒါကြောင့် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ဇ)ရှိ "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်" ဆိုတဲ့စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်၊မသင့်ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"

လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်း ဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

– ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
– ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
– ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့(၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနှင့် ဦးတင်ထွန်းမောင်တို့(၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)အဖြစ်–

“သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌအားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
– ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
– ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ
– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့
– လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
– ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
– ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
– ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ်၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့်

(က) မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ်၃၃၀ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ”

လို့ အသေးစိတ်အခြေခံရမယ့်မူများ ပြင်ဆင်ချမှတ်ရန် သင့်၊ မသင့်နဲ့

“အထက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်မည်ဆိုပါက ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **‘လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်’** ဆိုသည့် အသုံးအနှုန်းအစား **‘မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့်လွှတ်တော်’**ဟု ပြင်ဆင်သုံးနှုန်းသွားမည်ဖြစ်ကြောင်း” လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်များကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

– တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်

လို့ ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“၁၉၉၆ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ဠ)တွင်–

“(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအားတာဝန်ခံရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်းတာဝန်ခံရမည်”

လို့ ဖော်ပြခဲ့ပါတယ်။

အပိုဒ် ၂၈၊ အပိုဒ်ခွဲ (စ)တွင် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်းတာဝန်ခံရမည်” ဟုလည်းကောင်း၊

အပိုဒ် ၃၁၊ အပိုဒ်ခွဲ (င)တွင် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်းတာဝန်ခံရမည်” ဟုလည်းကောင်းဖော်ပြခဲ့ပါတယ်။

ဒါကြောင့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ (စ)အဖြစ်–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအားတာဝန်ခံရမည်၊

(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်”

ဟုလည်းကောင်း–

အပိုဒ် ၃၁၊ အပိုဒ်ခွဲ (င)အဖြစ်–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်းတာဝန်ခံရမည်”

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်”

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

– တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
– တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
– အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
– အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
– နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
– အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့
– နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–

နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်”

ဟုလည်းကောင်း၊

အပိုဒ်၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်”

ဟုလည်းကောင်း ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“၁၉၉၆ခုနှစ် မတ်လ ၂၈ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

“ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ဦးထက် မပိုသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ”

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။

ယခုအခါ နိုင်ငံတော်က ချမှတ်ပေးထားတဲ့ ဦးတည်ချက်(၁၂)ရပ်နဲ့အညီ နိုင်ငံတော်ကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိတဲ့အတွက် အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနဲ့ လူမှုရေးကဏ္ဍတွေမှာ တစ်နေ့နဲ့တစ်နေ့၊ တစ်လနဲ့တစ်လ၊ တစ်နှစ်နဲ့တစ်နှစ် မတူညီတော့ဘဲ အရှိန်အဟုန်မြင့်မားစွာ တိုးတက်လာတာကို ညီလာခံကိုယ်စားလှယ်ကြီးများ မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာဖြစ်ပါတယ်။ နောင်အခါမှာ ယခုထက်ပိုမိုပြီး စိုက်ပျိုးရေးအရသော်လည်းကောင်း၊ စက်မှုလက်မှုအရသော်လည်းကောင်း လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာတဲ့အခါ လုံခြုံရေး၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိတဲ့ စီမံကိန်းတွေကို နိုင်နင်းအောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် လုပ်ငန်းများနဲ့ လိုက်လျောညီထွေရှိမယ့် မြို့နယ်များကို ဖွဲ့စည်းသင့်ပါက တိုးချဲ့ဖွဲ့စည်းလာကြမှာဖြစ်ပါတယ်။ အကယ်၍ မြို့နယ်ပေါင်း၃၃၀ထက် ကျော်လွန်လာတဲ့အခါ ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်မယ်ဆိုပါက ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးအတွက် သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ထက် ကျော်လွန်သွားမှာဖြစ်ပါတယ်။

အဲဒါကြောင့် မြို့နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်းတဲ့အခါ မြို့နယ်ပေါင်း ၃၃၀ထက်ကျော်လွန်လာပါက အသစ်ဖွဲ့စည်းလိုက်တဲ့မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနဲ့ပူးပေါင်းပြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကို သတ်မှတ်ပေးသင့်ပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ကြခြင်းအားဖြင့် သတ်မှတ်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ကို ရွေးကောက်တင်မြှောက်နိုင်ကြမှာဖြစ်ပါတယ်”လို့ ရှင်းလင်းပြောကြားပြီးနောက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး–

“ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

– တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
– အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
– အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
– နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
– အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
– နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  – တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  – ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  – ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  – မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  – လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  – ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  – ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
  – ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးက လည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

“ဥပဒေပြုရေးအခန်း”၊ ဥပဒေပြုရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းရှိ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသည့် အပိုဒ် ၄ အဖြစ်

“ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့်ပူးပေါင်းအခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ”

ဟုလည်းကောင်း၊

ယင်းချမှတ်လိုက်သည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် “လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”ဆိုသည့် အသုံးအနှုန်းအစား “မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့်လွှတ်တော်”ဟု ပြင်ဆင်သုံးနှုန်းသွားမည်ဟုလည်းကောင်း”

ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“၁၉၉၆ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့စပ်လျဉ်းပြီး ကျွန်တော်ရှင်းလင်းတင်ပြခဲ့ပါတယ်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

23-8 (05) 1 8/23/07, 1:37 AM

စာမျက်နှာ ၅ မှ

အဲဒီလို ရှင်းလင်းတင်ပြစဉ်က အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံး ၂၂၄ ဦး ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး"

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

အထက်ပါ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ်(က)တွင် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ' ဟုလည်းကောင်း၊ အပိုဒ်(ခ)တွင် 'ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့်'ဟုလည်းကောင်း သတ်မှတ်ထားပါတယ်။ အဲဒီလို ပြည်ထောင်စုနယ်မြေများအပါအဝင်ဟု ဖော်ပြထားခြင်းမှာ လက်ရှိပြည်နယ်နှင့် တိုင်းများတွင်ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများကို ဖော်ညွှန်းထားခြင်းဖြစ်ပါတယ်။ သို့သော် စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် "ပြည်ထောင်စုနယ်မြေများ"ရှေ့တွင် 'သက်ဆိုင်ရာ'ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ် ပိုမိုရှင်းလင်းနိုင်မည်ဖြစ်ပါတယ်" လို့ ရှင်းလင်းပြောကြားပြီးနောက် အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး–

"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး၊

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါနယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်"

လို့ အသေးစိတ်အခြေခံရမယ့်မူများ ပြင်ဆင်ချမှတ်ရန် သင့်၊ မသင့် ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့ အချက်များကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးက လည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

"အမျိုးသားလွှတ်တော်ကို ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး၊

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါနယ်မြေ ပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်"

လို့ ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်လိုက်ပါတယ်။ ။

● *ရှေ့ဖုံးမှ*

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများ ဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော် (AA) အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

သဘာပတိ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ၁၀၄၈ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၈၅ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ဆက်လက် ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၅၀ တွင် ခေတ္တရပ်နားသည်။

(အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို သီးခြား ဖော်ပြထားပါသည်။)

ဆက်လက်ဖတ်ကြားတင်ပြ

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့်က ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းပြောကြားပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်သည်။

(အမျိုးသားညီလာခံ ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဩဂုတ် ၂၇ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

23-8 (06) 1 8/23/07, 1:37 AM

ကွမ်းခြံကုန်းမြို့နှင့်အနီးဝန်းကျင်ကျေးရွာများမှ မျက်စိဝေဒနာရှင်များ အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်း အောင်မြင်ပြီးစီးသည့်

မျက်စိအလင်းအလှူအောင်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ကျန်းမာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ်ဆောင်ရွက်သော ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်းနှင့် အနီးပတ်ဝန်းကျင်မြို့နယ် ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်း အောင်မြင်စွာပြီးစီးသည့် မျက်စိအလင်းအလှူ အောင်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ကွမ်းခြံကုန်းမြို့ ဇာတိမာန်ခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ပါမောက္ခ ဒေါက်တာ ဦးကံညွန့် ဦးဆောင်သည့် မျက်စိအထူးကု ဆရာဝန်ကြီးများ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ မျက်စိဝေဒနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ်နှင့် ပတ်ဝန်းကျင် မြို့နယ်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်း အောင်မြင်စွာပြီးစီးသည့် မျက်စိအလင်းအလှူ အောင်ပွဲတွင် မျက်စိခွဲစိတ်ပြီး လူနာတစ်ဦးအား နေကာမျက်မှန် တပ်ဆင်ပေးစဉ်။ (စွမ်းအင်)

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း၊ ယခုလို အခမဲ့ ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် မျက်စိအလင်းအလှူ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စား မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးကံညွန့်က ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် နိုင်ငံအတွင်း ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး အခမဲ့ မျက်စိခွဲစိတ်ကုသပေးမှု အစီအစဉ်များနှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း မျက်စိခွဲစိတ်ကုသပေးမှု အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ရည်ရွယ်ချက် (၇)ရပ်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်း ပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။ ထို့နောက် ဝန်ကြီးက မျက်စိခွဲစိတ်ပြီးလူနာများအား နေကာမျက်မှန်၊ ဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းပြီး မျက်စိအထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကား

ယင်းနောက် ကွမ်းခြံကုန်းမြို့ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖ ဦးတင်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက်ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ကွမ်းခြံကုန်းမြို့ မျက်စိအလင်းအလှူ အောင်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပူးပေါင်းစီစဉ်

အဆိုပါ ကွမ်းခြံကုန်းမြို့နယ် အတွင်း မျက်စိအခမဲ့ ခွဲစိတ်ကုသပေးသည့် မျက်စိအလင်းအလှူပွဲကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ အားပေးကူညီမှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက ကမကထပြုလုပ်၍ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ခွဲစိတ်ကုသပေး

ဩဂုတ် ၁၈ရက်မှ ၂၁ရက် အတွင်း ကွမ်းခြံကုန်းမြို့နယ်အတွင်းနှင့် အနီးပတ်ဝန်းကျင် တွံတေး၊ ကော့မှူး၊ ဒေးဒရဲ၊ ဒလမြို့နယ်ကျေးရွာအုပ်စုများမှ မျက်စိဝေဒနာရှင်ပေါင်း ၆၉၆၃ ဦးတို့အား စမ်းသပ်စစ်ဆေးပြီး အတွင်းတိမ် ခွဲစိတ်သူလူနာပေါင်း ၄၄၉ ဦး၊ မျက်မှန်ပါဝါလိုအပ်သူ ၄၃၃၆ ဦးတို့အား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ကြသည်။

အဆိုပါ မျက်စိအထူးကုအဖွဲ့တွင် မျက်စိအထူးကု ဆရာဝန်ကြီးများ ဖြစ်ကြသော ပါမောက္ခဒေါက်တာ ဦးကံညွန့်၊ ပါမောက္ခဒေါက်တာ ဦးတင်ဝင်းနှင့် ပါမောက္ခဒေါက်တာ ဦးကိုကိုသန့်တို့ဦးဆောင်ပြီး ဆေးတက္ကသိုလ် (၁)၊ ဆေးတက္ကသိုလ်(၂)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့မှ ဒေါက်တာသူဇာဟန်၊ ဒေါက်တာရူပါအောင်၊ ဒေါက်တာညွန့်အောင်၊ ဒေါက်တာ နီလာသိန်း၊ ဒေါက်တာ အေးမြတ်ဦး၊ ဒေါက်တာ နန်းအိရွှေစင်၊ ဒေါက်တာ အေးမိုးထက်၊ ဒေါက်တာ အောင်မိုးထွန်း၊ ဒေါက်တာ ကျော့်စွာဝင်း၊ ဒေါက်တာ သိန်းထွဋ်၊ ဒေါက်တာ အောင်နေဦး၊ ဒေါက်တာ ယဉ်ကြည်ဦး၊ ဒေါက်တာ မိုးအေးလတ်၊ ဒေါက်တာကောင်းမြတ်ငြိမ်း၊ ဒေါက်တာ မောင်မောင်မျိုးဝင်း၊ သူနာပြုဆရာမ ၁၄ ဦး၊ မျက်မှန်ကျွမ်းကျင်သုံးဦးနှင့် Alcon ကုမ္ပဏီမှ မှန်ဘီလူးပါဝါ တိုင်းတာသည့် ကျွမ်းကျင်ဝန်ထမ်း တစ်ဦး စုစုပေါင်း ၃၆ ဦး ပါဝင်ကြသည်။

ပံ့ပိုးကူညီ

ယင်းမျက်စိအခမဲ့ ခွဲစိတ်ကုသခြင်း လုပ်ငန်းအတွက် လိုအပ်သော မျက်စိခွဲစိတ်ကုသမှုဆိုင်ရာ ဆေးဝါး ပစ္စည်းများ၊ မျက်မှန်များနှင့် အခြားကုန်ကျစရိတ်များအားလုံးကိုစွမ်းအင်ဝန်ကြီးဌာနနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားပိုင်နှင့် နိုင်ငံခြားသားပိုင် ရေနံကုမ္ပဏီပေါင်း ၁၀ခုနှင့် တစ်ဦးချင်းအလှူရှင်များက ပံ့ပိုးကူညီခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဝါဆိုသင်္ကန်းဆက်ကပ်

ဩဂုတ် ၁၂ ရက်က သာစည်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကင်းမြို့နယ် အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်တွင် ကျင်းပရာ နယူးရွှေစင် စိန်၊ ရွှေရတနာဆိုင်ပိုင်ရှင် ဦးစိုးမြင့်-ဒေါ်ခင်လေးရီ မိသားစုက မင်္ဂလာဒုံ ရွှေဥမင်ဓမ္မသုခတောရရိပ်သာ နာယကဆရာတော် အရှင်ကုသလာနန္ဒထံ ဝါဆိုသင်္ကန်းဆက်ကပ်စဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲစတင်

ရန်ကုန် ဩဂုတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ၂၀၀၇ကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ရောင်းချသွားမည်

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲတွင် ကျောက်မျက်အတွဲပေါင်း ၃၁၅ တွဲ၊ ကျောက်စိမ်း အတွဲပေါင်း ၁၁၂၁တွဲတို့ကို **Bargain** စနစ်နှင့် **Auction** စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ပြသထား

ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ယမန်နေ့မှ ဩဂုတ် ၂၃ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅နာရီ အထိ ရတနာကုန်သည်များအား ကြည့်ရှုလေ့လာရန် ပြသထားမည်ဖြစ်ပြီး ဩဂုတ် ၂၄ရက်မှ ဩဂုတ်၂၅ရက်အထိ နေ့စဉ် နံနက် ၉ နာရီတွင် **Bargain** စနစ်နှင့် **Auction** စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကြည့်ရှုလေ့လာ

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည်၅၇၇ဦးနှင့် ပြည်ပရတနာကုန်သည် ၁၄၄ ဦးတို့ လာရောက်၍ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအား ကြည့်ရှုလေ့လာမည်ဖြစ်သည်။ (သတင်းစဉ်)

ဗဟန်း အထက(၂) နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) ကျောင်းအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ကျောင်းအုပ်ဆရာမကြီးဒေါ်တင်ဦးရည်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်ကို **(အောက်ပုံ)** တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်က ဟောပြောမည့် ပုဂ္ဂိုလ်၏ကိုယ်ရေးအကျဉ်းကိုမိတ်ဆက်ဖတ်ကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်စိတ်ပညာ)က ရည်မှန်းချက်ရှိရမယ် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

လှည့်လည်ကြည့်ရှု

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ကျောင်းအုပ်ဆရာမကြီးက ခရိုင်ဦးစီးအရာရှိထံ လှူဒါန်းကာ ပြသထားသော နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ကျောင်းသားကျောင်းသူများက လှည့်လည်ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရက ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာ ဝန်ထမ်းများက နိုင်ငံတော်၏ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ဒေသခံတိုင်းရင်းသားပြည်သူများသဘောပေါက်နားလည်အောင် ရောက်ရာဒေသ၌ ရှင်းလင်းပြသ၍ စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိဌာန တာဝန်ကျေပွန်ရုံမက ဘက်စုံ တတ်ကျွမ်းနားလည်အောင် လေ့လာပြီး နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ရှေးရှု၍ ဒေသဖွံ့ဖြိုးရေး တာဝန်များကို တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်း ထမ်းဆောင်ကြစေလိုကြောင်း၊ တန့်ယန်းမြို့နယ်တွင် လမ်းဘေးဝဲယာ တစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော ဆီထွက်သီးနှံ မြေပဲစိုက်ခင်းများကို တွေ့ရသဖြင့် များစွာဝမ်းမြောက်မိပါကြောင်း၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော သန့်ရှင်းလှပသည့် တန့်ယန်းမြို့အား အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကိုင်းကုန်း ပရိယတ္တိစာသင်တိုက်အတွက် စာသင်ကျောင်းဆောင် ဆောက်လုပ်ရန် နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော ငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်လှူဒါန်းရာ တန့်ယန်းမြို့နယ် ဥက္ကဋ္ဌက လက်ခံသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပြည်သူများနှင့် ဒေသခံတောင်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် တန့်ယန်းမြို့နယ် မိုင်းကောင်တပ်နယ်သို့သွားရောက်၍ တပ်တွင်း ရေအားလျှပ်စစ်ပေးဝေနေမှု အခြေအနေများနှင့် တပ်နယ် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တပ်နယ်ရှိ ဘုရင့်နောင်ခန်းမ၌ အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ တပ်နယ် မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူ ဧက ၅၀၀ စိုက်ခင်းနှင့် ပတ္တမြားဥယျာဉ်ကုမ္ပဏီ ခြံစည်းရိုးကြက်ဆူစိုက်ခင်းသို့ ရောက်ရှိကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကြက်ဆူစိုက်ခင်းများ၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ရှုရပ်မျှော်စင်ပေါ်မှ ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပတ္တမြားဥယျာဉ်ကုမ္ပဏီ၏ ပျိုးပင်ပေါင်း ၂၅၀၀ စိုက်ပျိုးထားသည့် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေး၍ ပျိုးဥယျာဉ်အနီးရှိ နှစ်ပေါင်း ၁၀၀ ခန့်ရှိ ခြံစည်းရိုးကြက်ဆူပင်ကြီးကို ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ပတ္တမြားဥယျာဉ်ကုမ္ပဏီပိုင် ကြက်ဆူဆီကြိတ်စက်ရုံသို့ ရောက်ရှိရာ ပိုင်ရှင် ဦးသန်းဝင်းက ကြက်ဆူစေ့မှ ဘိုင်အိုဒီဇယ်ဆီထုတ်လုပ်မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ကြက်ဆူဆီ ကြိတ်စက်ရုံသည် ၁ နာရီလျှင် ၃၃ ဂါလန် ထွက်ရှိကြောင်း သိရှိရသည်။

ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တန့်ယန်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တန့်ယန်းမြို့ လွယ်ပန်လုံခန်းမ၌ တပ်နယ်ရှိ အရာရှိ စစ်သည်မိသားစုဝင်များကို တွေ့ဆုံပြီး တပ်ရင်းတပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားကာ တပ်နယ်မိသားစုဝင်များထံ လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ညနေ ၅ နာရီတွင် မိုင်းရယ်မြို့သို့ ရောက်ရှိကြရာ အထူးဒေသ(၃)မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်နယ် မိသားစုဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မိုင်းရယ်မြို့ သစ်ခွရိပ်သာ၌ အထူးဒေသ(၃) တိုင်းရင်းသားအဖွဲ့များအား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၉ ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် အထက (၁) ကျောင်းသားဟောင်း များ ၏ အာစရိယ ပူဇော်ပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ရေး ထာဝရငွေပဒေသာပင်အတွက် (ဆ) ရပ်ကွက် ကရဝိက်(၂)လမ်းနေ ကျောင်းသားဟောင်း ကိုဟန်ဝင်းအောင်က အလှူငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

✻ *ကျောဖုံးမှ*

ကြည့်ရှုထား

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၇၀၇ ဦးနှင့် ပြည်ပရတနာကုန်သည် ၂၄၆ ဦးတို့ ရောက်ရှိနေကြပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ရောင်းချမည်

ကျောက်မျက်နှင့် ကျောက်စိမ်းများကို ဩဂုတ် ၂၃ ရက်အထိ ပြသမည်ဖြစ်ပြီး ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီတွင် ပြုလုပ်၍ ဩဂုတ် ၂၅ ရက်အထိ ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့်သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၂

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့်သက်ကြီးပူဇော်ပွဲကို စက်တင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများနှင့် ကျောက်ပန်းတောင်း မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ကျောက်ပန်းတောင်း ပလတာသုတ်ဖြင့် ကျွေးမွေးညှော့ခံပြီး ပူဇော်ခံ သက်ကြီး ဘိုးဘွားများအား အပြန်တွင် ကားများဖြင့် ပြန်လည်ပို့ဆောင်ပေးမည်ဟု သိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃–၈–၂၀၀၇ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ငါးလေးလုံးတရားတော် (ဆရာတော် ဘဒ္ဒန္တ သောဘဏ)
၈:၀၅	ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ) (အပြည့်လွှဲခြင်း၊ သဲကျင်းဘန်ကာရိုက်ချက်)
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	ပြည်တွင်းအနုပညာရေးရာ
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	"သူ့ဘဝ သူ့လက်ရာ" (ပန်းချီသိန်းမြင့်သိန်း၏ ရေဆေးအနုပညာလက်ရာ)
၉:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀	၄က်မျိုးစုံစွာ ပျော်စရာကမ္ဘာ (အပိုင်း–၄)
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	အသည်းရောဂါဆိုတာ ဘာလဲ (အပိုင်း–၁) (ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း)
၉:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	နယ်ဥဆန်းထွင် ပန်းအလှဆင် (Lပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
၁၀:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅	မြန်မာစာ မြန်မာစကား(၉)
၁၀:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	သင်ယူလေ့လာ ဂီတပညာ (ဂီတာအခြေခံတီးခတ်နည်း) (ကိုစိုင်း) (အပိုင်း–၃)
၁၁:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (မြစ်နှစ်စင်းရဲ့ပင်လယ်)
၁၂:၀၀	တေးဂီတအစီအစဉ်
၁၂:၁၀	Good Health ကျန်းမာရေး ပညာပေးဟောပြောပွဲ (အရေပြားထိန်းသိမ်းမှု အခြေခံအချက်များ) (အပိုင်း–၂) (အရေပြားအထူးကုဆရာဝန် ဒေါက်တာစိုးဝင်းဦး)
၁၂:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅	တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၏ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) သီတာခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အဖွင့်အမှာစကား ပြောကြားသည်။

သိကောင်းစရာများဟောပြော

ယင်းနောက် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ယုဇနကျင်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ အကြောင်းကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်မြမြဝင်းက အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ဒေါ်တင်တင်နွဲ့က လုပ်ငန်းအဖွဲ့ခွဲအသီးသီးမှ အသိပညာပေး ဟောပြောပို့ချပေးသူများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

အသိပညာပေးဟောပြော

ယင်းနောက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အဖွဲ့ခွဲမှ ဒေါက်တာ ဒေါ်အေးမြတ်လွင်က ခုခံအားကျဆင်းရောဂါ၊ တီဘီရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် အဝလွန်ရောဂါများနှင့်ပတ်သက်၍ လိုက်နာရန် အချက်များနှင့် ရှောင်ကြဉ်ရန် အချက်များကိုလည်းကောင်း၊ လူကုန်ကူးမှု တားဆီးရေးလုပ်ငန်း အဖွဲ့ခွဲမှ အတွင်းရေးမှူး ဒေါ်ဥမ္မာရင်မိက လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း အသီးသီး အသိပညာပေး ဟောပြောကြသည်။ **(သတင်းစဉ်)**

တက္ကသိုလ်အားကစားသမားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၂

တက္ကသိုလ် အားကစားဆရာဟောင်းများအား တက္ကသိုလ်အားကစားသမားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဩဂုတ် ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်အားကစားသမားဟောင်းများ တက်ရောက်ပူဇော်ကြရန် နှိုးဆော်ထားပြီး အလှူငွေနှင့် ပစ္စည်းများကို ဦးကျော်ဦး ဖုန်း–၀၉–၅၁၃၄၃၁၀ နှင့် ဦးဇော်မြင့် ဖုန်း–၀၉–၅၁၃၇၀၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း **အင်တာနက် ဖောင်ပိတ်သတင်း**

အီရတ်မြောက်ပိုင်း၌ အမေရိကန်ရဟတ်ယာဉ်ပျက်ကျ၊ ၁၄ ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၂

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ဩဂုတ် ၂၂ ရက်က အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ယာဉ်ပေါ်တွင်လိုက်ပါလာသော အမေရိကန်တပ်ဖွဲ့ဝင် ၁၄ ဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှုသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီလကတည်းက ယနေ့အထိ အဆိုးရွားဆုံး ပျက်ကျမှုဖြစ်ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* ***ပိုလန်နိုင်ငံ မြောက်ပိုင်းတွင် ဩဂုတ် ၂၁ ရက်က အင်အားပြင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ သုံးဦးသေဆုံးပြီး ၁၀ ဦးပျောက်ဆုံးကာ ငါးဖမ်းလှေ ၄၀ ခန့် ပျက်စီးခဲ့ကြောင်း ပိုလန်သတင်းဌာန ပီအေပီက သတင်းထုတ်ပြန်သည်။***

* *အီသီယိုးပီးယားနိုင်ငံမြောက်ပိုင်း အဆာဟီလာမြို့အနီးရှိ မီးတောင်တစ်ခု ဩဂုတ် ၂၁ ရက်ကပေါက်ကွဲမှုဖြစ်ပွားရာ အနီးဝန်းကျင်၌နေထိုင်သော ဒေသခံငါးဦး သေဆုံးပြီး နေအိမ်များပျက်စီးခဲ့ရကြောင်း၊ ကုလားအုတ်နှင့် ဆိတ်ကောင်ရေ ၁၃၇၀ ခန့် သေဆုံးခဲ့ရကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။*

* ***တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်တောင်ပိုင်းတွင် ဩဂုတ် ၂၁ ရက်က မိကျောင်းငယ် အကောင် ၇၀ မှောင်ခိုတင်သွင်းရန် ကြိုးစားသူတစ်ဦးအား ရဲတပ်ဖွဲ့ကဖမ်းဆီးခဲ့ကြောင်း၊ ထို့အပြင် ဆက်လက်ရှာဖွေရာ လိပ်အကောင် ၃၀၀၀ ကိုပါ သိမ်းဆည်းရမိခဲ့ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။***

* *ဖင်လန်နိုင်ငံ ဟယ်ဆင်ကီမြို့အနောက်ဘက် ကီလိုမီတာ ၃၀ ခန့်အကွာ ကီယာကိုနူမီမြို့သို့ ဩဂုတ် ၂၂ ရက်က ပြင်းထန်သော မုန်တိုင်းတိုက်ခတ်ခဲ့ရာ နေအိမ် ရာပေါင်းများစွာပျက်စီးပြီး လျှပ်စစ်ကြိုးများလည်းပြတ်တောက်ကာ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

* ***အမေရိကန်နိုင်ငံ တက်ဆက်စ်နှင့် အိုကလာဟိုးမားပြည်နယ်များတွင် ဩဂုတ် ၂၂ ရက်က မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် ၂၂ ဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***

* *ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒူစူယန်ခရိုင်အတွင်း ဗီယက်နမ်စစ်ပွဲအတွင်းက မပေါက်ကွဲသေးသည့် အမြောက်ကျည်ဆန်တစ်ခုကို ဖယ်ရှားရာမှ ဩဂုတ် ၂၂ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ မိဘနှစ်ဦးအပြင် သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးပါ သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

* ***အီရတ်နိုင်ငံ ဘေဂျီမြို့တွင် ဩဂုတ် ၂၂ ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၀ သေဆုံးပြီး ၈၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။***

* *တရုတ်နိုင်ငံအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ဩဂုတ် ၂၂ ရက်က အင်အားပြင်းမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ၃၆ ဦး သေဆုံးသွားကြောင်း၊ နေအိမ်အများအပြားပျက်စီးခဲ့ရကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။* **(အင်တာနက်)**

အင်္ဂုလိမာလသုတ် ပရိတ်ဆောက်တည်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

ဧရာဝတီတိုင်း ချောင်းသာမြို့ စကားဝါတောင် မိုးကုတ်ဓမ္မရိပ်သာတောစခန်း၌ အင်္ဂုလိမာလ ပရိတ်ဆောက်တည်ပွဲကို ၁၃၆၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်မှ နတ်တော်လဆန်း ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နတ်တော်လဆန်း ၆ ရက်မှ ၁၁ ရက်အထိ မာနတ် ဆောက်တည်ပွဲနှင့် နတ်တော်လဆန်း ၁၁ ရက်နံနက်တွင် အဘှာန်သွင်းပွဲတို့ကို ကျင်းပမည်ဖြစ်ရာ အင်္ဂုလိမာလ ပရိတ် ဆောက်တည်လိုကြသော ဆရာတော်သံဃာတော်တို့သည် ၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ နောက်ဆုံးထား၍ ပုသိမ်မြို့ နံ့သာကုန်း မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်နှင့် ချောင်းသာမြို့ စကားဝါတောင် မိုးကုတ်ဓမ္မရိပ်သာ တောစခန်း ဖုန်း–၀၉၅၂၀၁၁၃၇၊ ၀၄၂–၂၄၄၈၆နှင့် ၀၄၂–၄၂၃၅၆ တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လှိုင်မဟာစည်ဆရာတော်တရားပွဲ

ရန်ကုန် ဩဂုတ် ၂၂

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့် စေတီတော် ဗုဒ္ဓသာသနာ့ ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ဝါခေါင်လပြည့်(ဩဂုတ်၂၈ရက်)မွန်းလွဲ ၂ နာရီတွင် လှိုင်မြို့နယ် လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက် ဦးစီးပဓာနနာယက လှိုင်မဟာစည် ဆရာတော် ဘဒ္ဒန္တ ဓမ္မဝရဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး တပည့်ဒါယကာ ဒါယိကာမများက ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်နှင့် ယပ် စသည့် လှူဖွယ်ဝတ္ထုများ လှူဒါန်းပူဇော်မည်ဖြစ်သည်။ **(က–ပ)**

■ ကျောဖုံးမှ

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ အင်ဖိုတက် အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၂ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြန်မာ့အလင်းသတင်းအဖွဲ့ တက်ရောက်ခဲ့ပြီး မောင်ထူးမြင့်နောင်နှင့်မိုင်ဝင်းဒိုးစ်စနစ်တီထွင်သူ မောင်ထိန်လင်းထူးတို့အား တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

မိုင်မြန်မာယူနီကုတ် စနစ်ဆိုသည်မှာ ယူနီကုတ် အဖွဲ့အစည်းက

“အချိန်တစ်နှစ်ကျော်ကြာတယ်၊ အားလုံးစုပေါင်း ဝိုင်းဝန်းလုပ်ခဲ့ကြတာပါ။” မောင်ထိန်လင်းထူး (ရန်ကုန်ကွန်ပျူတာတက္ကသိုလ် တတိယနှစ်ကျောင်းသား)

သတ်မှတ်ထားသည့် မြန်မာစာနှင့် ပတ်သက်သည့် စံသတ်မှတ်ချက်များကို အခြေခံပြီး ကွန်ပျူတာတွင် မြန်မာစာကို သုံးလို့ရအောင် ပြုလုပ်ထားသော စနစ် ဖြစ်သည်။

မိုင်မြန်မာယူနီကုတ်စနစ်(ဒုတိယမျိုးဆက်)နှင့်ပတ်သက်ပြီး မေးမြန်းရာ မောင်ထူးမြင့်နောင်က “ဒီစနစ်ဟာ ကွန်ပျူတာပေါ်မှာ မြန်မာစာကို အပြည့်အဝအသုံးပြုနိုင်တဲ့ စနစ်ဖြစ်ပါတယ်၊ ဒီစနစ်ကိုအသုံးပြုရင် စကားလုံးတွေဟာနေရာမရွေ့နိုင်တော့ဘူး၊ မြန်မာလို စာလုံးတစ်လုံးချင်း ကွန်ပျူတာက နားလည်နေတာဆိုတော့ စာကြောင်းဆုံးလို့ နောက်စာကြောင်းကို ဆင်းသွားရင် စာလုံးတစ်ခုလုံး ဆင်းသွားတယ်၊ အရင်သုံးခဲ့တဲ့ စနစ်တွေက မြန်မာစာကို အခုလို အပြည့်အဝသုံးလို့မရဘူး၊ အခုစနစ်က အရင်စနစ်တွေထက် အများကြီး ပိုကောင်းပါတယ်”ဟု ဖြေကြားသည်။

ကုန်ကျစရိတ်

ယခုတီထွင်ထားသည့် မိုင်မြန်မာယူနီကုတ်စနစ်(ဒုတိယမျိုးဆက်)ကို အသုံးပြုမှုနှင့်ပတ်သက်၍လည်း “မိုင်မြန်မာယူနီကုတ်စနစ်(ဒုတိယမျိုးဆက်) ပါတဲ့ စီဒီကို ကွန်ပျူတာထဲထည့်ပြီး Install လုပ်ရုံပါပဲ။ အရင်တုန်းက ပြည်ပဆော့ဖ်ဝဲလ်တွေကိုပဲ သုံးခဲ့ရပြီး ကုန်ကျစရိတ်လဲများတယ်၊ ပြည်ပက ရေးတာမို့လို့ မိမိနိုင်ငံသားတွေအတွက် လဲအစဉ်ပြေဖို့ ခက်တယ်၊ အခုစနစ်က မြန်မာတစ်ဦးက ရေးထားတဲ့အတွက် ကွန်ပျူတာအသုံးပြုတဲ့ မြန်မာလူမျိုးတွေအတွက် အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်ပါတယ်၊ ကုန်ကျစရိတ်လဲ အထူးသက်သာပါတယ်”ဟု မောင်ထူးမြင့်နောင်က မြန်မာ့အလင်းသို့ ဖြေကြားသည်။

ပြောင်းလဲပေးနိုင်

ထို့အပြင် ယခုစနစ်ကို အသုံးပြုခြင်းဖြင့် ယခင်ကရေးခဲ့သော ဆော့ဖ်ဝဲလ်များ၊ ဖိုင်များနှင့် ဝက်ဘ်ဆိုက်များအထိ အားလုံးအဆင်ပြေအောင် ပြောင်းလဲပေးနိုင်ကြောင်း၊ မိမိကြိုက်နှစ်သက်သည့် ဝက်ဘ်ဆိုက်များအား သက်ဆိုင်ရာ Font များ မထည့်သွင်းဘဲ မြန်မာယူနီကုတ်စနစ် (ဒုတိယမျိုးဆက်)နှင့်ကြည့်ရှု၍ရကြောင်း သိရသည်။

ဆက်လက်ပြီး မောင်ထူးမြင့်နောင်အား အိုင်တီနည်းပညာနှင့် ပတ်သက်သည့် အနာဂတ် အစီအစဉ်ကို မေးမြန်းရာ“ရှေ့ဆက်ပြီး ကွန်ပျူတာ စနစ်အားလုံးကို မြန်မာလို အသုံးပြုလို့ရအောင်ဆောင်ရွက်သွားမယ်၊ မီးရထားလက်မှတ် ရောင်းတဲ့ စနစ်၊ မြန်မာ–အင်္ဂလိပ် အီလက်ထရွန်နစ် အဘိဓာန်တို့လို လုပ်ငန်းတွေအပြင် နိုင်ငံတကာမှာ အသစ်ဖြစ်ပေါ်လာမယ့် အိုင်တီနည်းပညာသုံးပစ္စည်း အကုန်လုံး မြန်မာလိုအကုန်သုံးလို့ရအောင် ကြိုးစားသွားမယ်”ဟု ဖြေကြားသွားသည်။

အသက်အငယ်ဆုံး

မောင်ထူးမြင့်နောင်သည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဂုဏ်ထူးတန်းကျောင်းသားတစ်ဦးဖြစ်ပြီး နိုင်ငံတကာ ယူနီကုတ်အသင်း၌ အသက်အငယ်ဆုံး အဖွဲ့ဝင် တစ်ဦးလည်းဖြစ်သည်။

နောက်တစ်ဦးမှာ မောင်ထိန်လင်းထူးဖြစ်သည်။ မောင်ထိန်လင်းထူးသည် တတိယနှစ် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်ကျောင်းသားတစ်ဦး ဖြစ်ပြီး မိုင်ဝင်းဒိုးစ်(My Windows) စနစ်ကို တီထွင်ခဲ့သူတစ်ဦးဖြစ်သည်။ ထိုသို့ မိုင်ဝင်းဒိုးစ်စနစ်ကို ဖော်ထုတ်ရာတွင် မိုင်မြန်မာ ယူနီကုတ်စနစ်ကို အခြေခံခဲ့ကြောင်း သိရသည်။

ရည်ရွယ်ချက်

ယခုစနစ်ကို ဖော်ထုတ်ရာတွင် အချိန်ကြာမြင့်မှုနှင့် ရည်ရွယ်ချက်များကိုမေးမြန်းရာ မောင်ထိန်လင်းထူးက “အချိန် တစ်နှစ်ကျော်ကြာတယ်။ အားလုံး စုပေါင်းဝိုင်းဝန်းလုပ်ခဲ့ကြတာပါ၊ ကျွန်တော်က နည်းပညာပိုင်းတာဝန်ယူပြီး လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ကွန်ပျူတာတစ်ခုလုံးကို မြန်မာဘာသာနဲ့ အသုံးပြုနိုင်အောင် ဖော်ထုတ်ထားတဲ့စနစ်ပါပဲ” ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

မိုင်ဝင်းဒိုးစ် (My Windows)ကို အသုံးပြုရာတွင် ရရှိမည့်အကျိုးကျေးဇူးများနှင့်ပတ်သက်၍မေးမြန်းရာ မောင်ထိန်လင်းထူးက “ဘာသာစကားအားနည်းလို့ ကွန်ပျူတာကိုအသုံးပြုဖို့ အခက်အခဲရှိသူတွေ၊ ကွန်ပျူတာ ဘယ်လိုအသုံးပြုရမယ်၊ အင်တာနက်နဲ့ အီးလ်မေးတွေကအစ ဘယ်လိုသုံးစွဲရမယ်ဆိုတာ ကွန်ပျူတာဖန်သားပြင်မှာ မြန်မာလို အကုန်ဖတ်ရှုပြီး အသုံးပြုနိုင်အောင်လို့ တီထွင်လိုက်တာပါ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဝမ်းသာစရာ

မြန်မာဘာသာစကားတစ်မျိုးတည်းတတ်ရုံဖြင့် ကွန်ပျူတာ၊ အင်တာနက် စသည့် ခေတ်မီနည်းပညာသုံးပစ္စည်းများကို မြန်မာလူမျိုးတိုင်းသုံးစွဲနိုင်၍ ရပြီဖြစ်သည်မှာ ဝမ်းသာစရာကောင်းလှသည်။

ယခုတီထွင်ထုတ်လုပ်ထားသည့် မိုင်ဝင်းဒိုးစ်ကို မည်သို့သုံးစွဲရမည်ကို မေးမြန်းရာ “မိုင်ဝင်းဒိုးစ်ဆော့ဖ်ဝဲလ်ကို ကွန်ပျူတာထဲသွင်းလိုက်တာနဲ့ ကွန်ပျူတာဖန်သားပြင်မှာ ပေါ်နေတဲ့ အင်္ဂလိပ်လို ညွှန်ကြားချက်တွေအားလုံး မြန်မာစာပြောင်းသွားမယ်၊ အဲဒီကတစ်ဆင့် ဆောင်ရွက်ချက်တွေအားလုံး မြန်မာလိုဖတ်ရှုပြီး လုပ်ဆောင်နိုင်မှာမို့ အလွန်လွယ်ကူပါတယ်၊ မြန်မာစာတတ်သူတိုင်း ကွန်ပျူတာ၊အင်တာနက် သုံးစွဲနိုင်အောင် ကြိုးစားထားတာပါ၊ အခု အခြေအနေမှာတော့ ကွန်ပျူတာစနစ်တစ်ခုလုံးရဲ့ ၁၀ရာခိုင်နှုန်းလောက်ကို မြန်မာလို လုပ်ဆောင်နိုင်ပေမယ့် လာမယ့် ၂၀၀၈ ခုနှစ် ဇွန်လလောက်ဆိုရင် ရာနှုန်းပြည့် အသုံးပြုနိုင်တော့မှာပါ”ဟုလည်း မောင်ထိန်လင်းထူးက ဖြေကြားသွားသည်။

သတင်းကောင်း

ထို့ကြောင့် မြန်မာ့အိုင်တီပညာရှင် လူငယ်နှစ်ဦး၏ ကြိုးစားမှုကြောင့် မြန်မာနိုင်ငံသားများ မြန်မာဘာသာစကားဖြင့် ကွန်ပျူတာ၊ အင်တာနက်နှင့်အီးမေးလ်တို့ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်တော့မည် ဖြစ်ပါကြောင်း သတင်းကောင်းပါး ရေးသားလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

“ကွန်ပျူတာပေါ်မှာ မြန်မာစာကို အပြည့်အဝ အသုံးပြုနိုင်တဲ့စနစ် ဖြစ်ပါတယ်။” မောင်ထူးမြင့်နောင် (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ဂုဏ်ထူးတန်းကျောင်းသား)

မိုင်မြန်မာ ယူနီကုတ်စနစ် အသုံးပြုပုံကို ကွန်ပျူတာ လက်တော့ပ်၌ တွေ့ရစဉ်။

သဲကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဩဂုတ် ၂၂

သဲကုန်းမြို့နယ်အသင်း(ဆင်မြီးဆွဲ၊ သဲကုန်း၊ ပုတီးကုန်း၊ အင်းမ၊ ဝက်ပုတ်)မှကြီးမှူးလျက် သီတဂူဆရာတော် ဒေါက်တာရှင်ဉာဏိဿရ (သဲကုန်းဆရာတော်)အမှူးထား၍ ၎င်းကျောင်းတိုက်ရှိ သံဃာတော်များအား ဒဂုံမြို့သစ်(မြောက်ပိုင်း) ဘောလီတံတားထိပ်ရှိ သီတဂူသာသနာ့ဗိမာန်တွင် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ်၂၄ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားအားလုံး မည်သူမဆို တရားနာကြွရောက်ကြရန် ဖိတ်ကြားထားသည်။

သင်္ကန်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ဦးသန်းလွင် [ဒုတိယဥက္ကဋ္ဌ၊ မြန်မာတိုင်း(မ)]ဖုန်း–၀၉–၅၀–၂၀၈၃၅ နှင့် ဦးတင်ဝင်း(အမှုဆောင်၊ တာရာဆိုင်၊ ရေကျော်)ဖုန်း–၀၉–၅၁–၄၇၅၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ငွေဆောင်ဇုန် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော ငွေဆောင်ဇုန် ဟိုတယ်ဆိုင်ရာအသင်း လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ် ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ယုဇနဟိုတယ်တွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ငွေဆောင်ဇုန်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ အသင်းဝင်လုပ်ငန်းရှင်များ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူက သဘာပတိအဖြစ်ဆောင်ရွက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာနေဇင်လတ်နှင့် ငွေဆောင်ဇုန်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလှမောင်ရွှေတို့က အသင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို အတည်ပြုကြပြီး အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌ ဦးလှမောင်ရွှေနှင့် အတွင်းရေးမှူးဦးကျော်ထွန်းတို့ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ကြပြီး သဘာပတိက အတည်ပြုကြောင်း ကြေညာကာ သဘာပတိ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၂၃–၈–၂၀၀၇ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ အကပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) [သမိုင်း]
၁၆:၄၅ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၀၀ ၅။ အတီးပြိုင်ပွဲ
၁၇:၁၀ ၆။ **ငါးရစ်မျိုးငါး တို့မစား** ဇော်၊ ခိုင်သင်းကြည်၊ မေပိုးအိ၊ ညိုညိုစိမ့်၊ မြသက်ထား (ဒါရိုက်တာ–ရဲဝင်းနီ)
၁၇:၂၀ ၇။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [အဆင့်မြင့်ပညာအဆင့်] (အမျိုးသား/အမျိုးသမီး)
၁၇:၃၀ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇:၄၅ ၉။ သတိပြုစရာ သွေးလွန်တုပ်ကွေးရောဂါ (အပိုင်း–၂)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သီရိဂေဟာ
၁၉:၀၀ ၁၃။ ကြံတောင်သူတွေ ဝင်ငွေ သုံးဆတိုးဖို့ ဆင်းရွှေလီကြံစိုက်ကြစို့ (အပိုင်း–၂)
၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဒုတိယအရွယ်၏ ချစ်မေတ္တာ** (အပိုင်း–၁၄)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး တဝဲလည်လည်** (အပိုင်း–၉)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင်သုံးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၂

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမောင်နှင့် ဦးတင်အောင်တို့သည် ဩဂုတ် ၁၃ ရက်တွင်လည်းကောင်း၊ ဦးကျော်အောင်သည် ဩဂုတ် ၁၄ ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဆန္ဒအလျောက်နုတ်ထွက်

စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့ကြောင်း၊ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ရှန်ယန်မြို့တွင် ဆောင်းဦးရာသီပွဲတော်အတွက် အချင်း ၈ဒသမ ၅ မီတာရှိသည့် လမုန့်ကြီးတစ်ခု စုပေါင်းပြုလုပ်နေကြသည်ကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြည်ပ၌နေထိုင်သော ဗီယက်နမ်နိုင်ငံသားများ ပြန်လာနိုင်

ဟန်နွိုင်း ဩဂုတ် ၂၂

ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေးနှင့် မိခင်မြေသို့ ပြန်လည်နေထိုင်ရေးတို့အတွက် လာမည့်စက်တင်ဘာ ၁ ရက်မှ စတင်ကာ ပြည်ပတွင် နေထိုင်သော ဗီယက်နမ်နိုင်ငံသားများအား နိုင်ငံအတွင်း ပြည်လည်ဝင်ရောက်နိုင်ကြောင်း ဗီယက်နမ်အစိုးရက ကြေညာချက်ထုတ်ပြန်ထားသည်ဟု ဗီယက်နမ်မီဒီယာများက ဩဂုတ် ၁၉ ရက်၌ ဖော်ပြသည်။

၁၉၇၅ခုနှစ် ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးနောက် ပြည်ပနိုင်ငံပေါင်း ၉၀သို့ သွားရောက်နေထိုင်သော ဗီယက်နမ်နိုင်ငံသားများမှာ စုစုပေါင်း သုံးသန်းခန့်ရှိကြောင်း မီဒီယာများကဖော်ပြသည်။

ဝင်ရောက်

ပြည်ပတွင် နေထိုင်သော ဗီယက်နမ်နိုင်ငံသားများသည် ဗီဇာကင်းလွတ်စွာဖြင့် နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်း ဗီယက်နမ်သမ္မတ နယင်မင်ထရက်က ပြောကြားကြောင်း အဆိုပါ သတင်းများ၌ ဆက်လက်ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသို့ ပြန်လည်ဝင်ရောက်သူ နိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့်လက်မှတ်များကိုသက်ဆိုင်ရာသံရုံးများသို့ ထုတ်ပေးထားမည်ဖြစ်သည်။ ပြည်ပတွင်နေထိုင်သော ဗီယက်နမ်နိုင်ငံသား ငါးသိန်းခန့်တို့သည် ဗီယက်နမ်နိုင်ငံသို့နှစ်စဉ်လာရောက်လည်ပတ်လျက်ရှိသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ရုရှား ပိုင်နက်နယ်မြေ လုံခြုံရေးအတွက် ဗုံးကြဲလေယာဉ် ၁၄စင်း စေလွှတ်

ချီဘာကူ ဩဂုတ် ၂၂

ရုရှားနိုင်ငံ၏ နယ်မြေပိုင်နက် လုံခြုံရေးအတွက် ကင်းလှည့်စောင့်ကြပ်ရန် ဗုံးကြဲလေယာဉ် ၁၄စင်းကို စေလွှတ်ထားကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဩဂုတ် ၁၇ရက်၌ ပြောကြားလိုက်သည်။

စေလွှတ်

အခြားနိုင်ငံများ၏ စစ်ရေးစွမ်းရည်လှုပ်ရှားမှုများကြောင့် မိမိတို့အနေဖြင့် ဗုံးကြဲလေယာဉ်များကို နယ်နိမိတ်လုံခြုံရေးအတွက် ပြန်လည်စေလွှတ်ထားသည်ဟု ၎င်းက ပြောကြားသည်။

မိမိတို့ လေတပ်စွမ်းရည်အပေါ် ပြန်လည်အသုံးပြုရန်အတွက် ယခုကဲ့သို့ ဗုံးကြဲလေယာဉ်များကို ပြန်လည်ဖြန့်ကြက်ထားခြင်းဖြစ်ကြောင်းလည်း သမ္မတ ပူတင်က ဆက်လက်ပြောကြားသည်။

ရုရှားနိုင်ငံသည် ၁၉၉၂ခုနှစ်မှ စတင်ကာ အဆိုပါမဟာဗျူဟာ ဗုံးကြဲလေယာဉ်များ ကင်းလှည့်မှုကို ရပ်သိမ်းထားခဲ့ရာမှ ယခုအခါ ပြန်လည်အသုံးပြုမည်ဖြစ်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗြိတိသျှလုံခြုံရေး အလုပ်သမားတစ်ဦး အာဖဂန်နစ္စတန်၌ ပစ်သတ်ခံရ

လန်ဒန် ဩဂုတ် ၂၂

ဗြိတိသျှ လုံခြုံရေးအလုပ်သမားတစ်ဦး အာဖဂန်နစ္စတန်နိုင်ငံ၌ ဩဂုတ် ၁၅ ရက်က ပစ်သတ်ခံရကြောင်း ဗြိတိန်နိုင်ငံခြားရေးရုံး၏ ပြောပြချက်အရ သိရသည်။

ဗြိတိန်သံရုံးမှ တစ်မိုင်ခန့်ဝေးသည့် ကဘူးလ်မြို့တော် လူနေရပ်ကွက်အတွင်းတွင် ယင်းသို့ ပစ်ခတ်မှုဖြစ်ပွားကြောင်း နိုင်ငံခြားရေးရုံးက အတည်ပြုကြေညာသည်။

ဖမ်းဆီးထား

သေဆုံးသူမှာ ဗြိတိန်လုံခြုံရေး ကုမ္ပဏီအာမာဂရုပ်မှ ထိပ်တန်းမန်နေဂျာဖြစ်သည့် ရစ်ချတ်အဒမ်ဆန်ဖြစ်သည်ဟုဆိုသည်။ မသင်္ကာဖွယ် အာဖဂန်ဝန်ထမ်းနှစ်ဦးကို ထိုအမှုနှင့်စပ်လျဉ်း၍ ဖမ်းဆီးထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်အာဖရိကတွင် ယာဉ်တိုက်မှုဖြစ်ပွား၊ ၂၂ဦးသေဆုံး

ဂျိုဟန်နစ္စဘတ် ဩဂုတ် ၂၂

တောင်အာဖရိကနိုင်ငံ အမ်ပူမာလန်ဂါပြည်နယ်တွင် ဩဂုတ် ၁၉ ရက်က ကုန်တင်ကားတစ်စီးနှင့် မီနီဘတ်စ်တစ်စီးတို့ တိုက်မိခဲ့ခြင်းကြောင့် ၂၂ ဦးသေဆုံးခဲ့ကြောင်း ဩဂုတ် ၂၀ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖြစ်ပွား

အရှိန်ပြင်းစွာ မောင်းလာသော မီနီဘတ်စ်ကားသည် ကုန်တင်ကား၏ နောက်ပိုင်းကိုဝင်တိုက်မိရာမှ အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အီရတ်ပြည်နယ် အုပ်ချုပ်ရေးမှူး လမ်းဘေးဗုံးထိမှန်သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၂

အီရတ်နိုင်ငံတောင်ပိုင်း အယ်မူသာနာပြည်နယ် အုပ်ချုပ်ရေးမှူး၏ ကားတန်းကို ဩဂုတ် ၂၀ ရက်က လမ်းဘေးဗုံးထောင် တိုက်ခိုက်သဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူး အလီအယ်ဟက်ဆန်နီ သေဆုံးသွားကြောင်း ပြည်နယ်အရာရှိများက ပြောကြားသည်။

ဒဏ်ရာရ

ပြည်နယ်အုပ်ချုပ်ရေးမှူး အလီအယ်ဟက်ဆန်နီမှာ ပြည်နယ်မြို့တော် ဆာမာဝါသို့အသွား လမ်းတွင် ယင်းသို့ တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး၏ သက်တော်စောင့် အနည်းဆုံးငါးဦးဒဏ်ရာရသွားသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာရှနိုင်ငံများ၏ ဘေးအန္တရာယ်ကြုံတွေ့မှု မကာအို ခရီးသွားလုပ်ငန်းကို မထိခိုက်နိုင်

မကာအို ဩဂုတ် ၂၂

အာရှနိုင်ငံများ၏ သဘာဝဘေးအန္တရာယ်များ တွေ့ကြုံခံစားရမှုသည် တရုတ်နိုင်ငံ မကာအို၏ခရီးသွားလုပ်ငန်းများကို မည်သို့မျှ ထိခိုက်မှု မဖြစ်ပေါ်စေနိုင်ကြောင်း ဩဂုတ် ၁၈ ရက်က မကာအိုခရီးသွားလုပ်ငန်း၏ သတင်းထုတ်ပြန်ချက်အား မကာအို မီဒီယာများက ဖော်ပြသည်။

ယခုနှစ် ပထမခြောက်လအတွင်း မကာအိုသို့ အရှေ့တောင်အာရှနိုင်ငံများမှ ခရီးသွားရောက်ရှိမှုမှာ ၆၈ဒသမ ၉၂ ရာခိုင်နှုန်းရှိရာ နှစ်ချင်းအလိုက် မြင့်တက်လျက်ရှိကြောင်း မကာအိုခရီးသွားလုပ်ငန်း(အမ်ဂျီတီအို)က ထုတ်ဖော်ပြောကြားသည်။

ရောက်ရှိ

မကာအိုသို့ ခရီးသည်ရောက်ရှိမှု အများဆုံးမှာ တရုတ်ပြည်မနှင့် ဟောင်ကောင်တို့မှဖြစ်သည်။

မကြာမီတွင် မကာအိုသို့ အာရှနိုင်ငံများဖြစ်သည့် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်တို့နှင့်တိုက်ရိုက်လေကြောင်းလိုင်းသစ် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မုန်တိုင်းတိုက်ခတ်

ဂျမေကာနိုင်ငံ ကင်းစတန်းမြို့တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်သွားခဲ့ပြီးနောက် အပျက်အစီးများကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မော်တော်ကားထုတ်လုပ်

အိန္ဒိယနိုင်ငံ ဥတ္တာပရာဒေ့ရှ်ပြည်နယ်ရှိ မော်တော်ကားထုတ်လုပ်သည့် စက်ရုံကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၌ အင်အားအသင့်အတင့်ငလျင်လှုပ်

ဂျကာတာ ဩဂုတ် ၂၂

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ဩဂုတ် ၁၈ရက်က အင်အား ရစ်ချ်တာစကေး ၅ဒသမ၂ ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒရုံးမှ သတင်းထုတ်ပြန်သည်။

ထိခိုက်မှုမရှိ

ထိုမြေငလျင်သည် အင်ဒိုနီးရှားနိုင်ငံ စီနာဘင့်ကမ်းရိုးတန်းမှ အရှေ့မြောက်ဘက် ၅၁ ကီလိုမီတာအကွာ၌ လှုပ်သွားခဲ့ခြင်းဖြစ်သည်။ ငလျင်လှုပ်မှုကြောင့် သေဆုံးထိခိုက်မှုမရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အထူးဆောင်ရွက်ချက်ဖြင့် မေတ္တာရှင် ပညာရည်မြှင့်တင်ရေးကော်မတီဖွဲ့စည်း ကျောင်းနေရန်ခက်ခဲသည့် ကျောင်းသားကျောင်းသူများ ပညာသင်စရိတ်ထောက်ပံ့

နေပြည်တော် ဩဂုတ် ၂၂

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးဖွင့်လှစ်သည့် ညကျောင်းများမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၇-၂၀၀၈ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့မှုပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ်၁၁ရက် နံနက်၉နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ အထူး ဆောင်ရွက်ချက်ဖြင့် မေတ္တာရှင် ပညာရည်မြှင့်တင်ရေးကော်မတီကို ဖွဲ့စည်းပြီး ကျောင်းနေရန် ခက်ခဲသည့် အထက်တန်း၊ အလယ်တန်း၊မူလတန်းကျောင်းသားကျောင်းသူ ၄၆၂၆ ဦးကို ၂၀၀၆-၂၀၀၇ပညာသင်နှစ်အထိ ပညာသင် စရိတ်ငွေကျပ်သိန်း ၃၁၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်တို့တွင် တက်ရောက်နေသည့် ကျောင်းသားကျောင်းသူ ၁၂၂ဦး ကိုလည်း လစဉ်ငွေကျပ် ၁၅သိန်းခန့် ပညာသင်စရိတ် ထောက်ပံ့ပေးလျက် ရှိကြောင်း၊ ပညာရေးသည် နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းခံ အကြောင်းတရားများဖြစ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးနှင့် ထိုက်တန်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံ ကောင်းများ ဖြစ်တည်နေရေးအတွက် ပညာရေးကသာ အထောက်အကူပြုနိုင်မှာ ဖြစ်သည့်အတွက် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ NGO အဖွဲ့အစည်းများနှင့် စေတနာရှင် ပြည်သူများ၏ ကူညီပံ့ပိုးမှုသည် အလွန်အရေးပါလှကြောင်း။

ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ပညာကို ဆုံးခန်းတိုင် သင်ကြားနိုင်အောင် လိုအပ်ချက်မှန်သမျှ ဝိုင်းဝန်းပူးပေါင်း ဖြည့်ဆည်းဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော မေတ္တာရှင် ညကျောင်းများမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ကျောင်းသားများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော စေတနာညကျောင်းများမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဓာတုနှင့်ရူပဗေဒ နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော မအိကေဇင်စိုး၊ မြန်မာစာဂုဏ်ထူးဖြင့် အောင်မြင်သော မနှင်းနှင်းအောင်နှင့် ဇီဝဗေဒ ဂုဏ်ထူးဖြင့်အောင်မြင်သော မမေဇွန်မြင့်တို့အား တိုင်းမှူးက ဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ထို့နောက် မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက မေတ္တာရှင်ညကျောင်းလေးကျောင်းအတွက် ထောက်ပံ့ငွေကျပ်လေးသိန်းကိုလည်းကောင်း၊ မြို့နယ် ၃၁မြို့နယ်မှ စေတနာညကျောင်း ၃၃ ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၃၁သိန်းကိုလည်းကောင်း၊ မေတ္တာရှင် ညကျောင်းနှင့် စေတနာ ညကျောင်းများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာတို့ကို လည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံယူကြသည်။ ဆက်လက်၍ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက စေတနာ ညကျောင်းများမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ကျောင်းသူများအား ပညာရည်ချွန်ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က စေတနာညကျောင်းများမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက အဖွဲ့ဝင် မြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာက စေတနာညကျောင်းများမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စေတနာ ညကျောင်းမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ကျောင်းသူများအား အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးတို့က ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထောက်ပံ့ခဲ့

ယခု ကျင်းပသော မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် မေတ္တာရှင် ညကျောင်းနှင့် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စေတနာညကျောင်းတို့မှ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သူများအား တစ်ဘာသာလျှင် ကျပ်တစ်သောင်းနှုန်းနှင့် စက်ဘီးတစ်စီးစီအား လည်းကောင်း၊ ရိုးရိုးအောင်မြင်သူများကို စက်ဘီးတစ်စီးစီအား လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ပညာသင်ထောက်ပံ့မှုအဖြစ်ကျောင်းသားကျောင်းသူ ၁၃၆၀ အတွက် ကျောင်းဝတ်စုံများ၊ ဗလာ စာအုပ်ဒါဇင် ၁၃၆၀၊ ဘောပင် ၆၀၂ဒါဇင်၊ ခဲတံ ၇၈ ဒါဇင်၊ စာရေးကိရိယာနှင့် အထက်တန်းဆင့်များအတွက် ကျောင်းသုံးစာအုပ် ၅၉၉စုံတို့ကို လည်းကောင်း ထောက်ပံ့ခဲ့ရာ ပညာရည်ချွန်ဆုချီးမြှင့်ငွေကျပ် ၂၉၇၆၀၀၀နှင့် ပညာသင်ထောက်ပံ့ငွေကျပ် ၁၂၂၃၇၄၆၀ စုစုပေါင်းငွေကျပ် ၁၅၂၁၃၄၆၀ ချီးမြှင့်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှူဒါန်း

ရန်ကင်း ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် ပုဇွန်တောင် ၅၃လမ်း အမှတ်-၃၁နေ ဦးသိန်းဟန် (တရားရုံးချုပ်ရှေ့နေ)-ဒေါ်သန်းနွဲ့တို့အား ရည်စူး၍ တူမများဖြစ်ကြသော ဒေါ်ခင်ညွန့်ရည်နှင့်ဒေါ်ခင်သက်တင်တို့က ငွေကျပ် ငါးသိန်းကို ဆရာတော်အား လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာက လက်ခံစဉ်။

(၁၁၅)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်းစစ်ဆေး နောင်ချိုမြို့၌ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ ပြည်သူ့အကျိုးပြုလုပ်ငန်းများ တက်ကြွစွာဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဩဂုတ်၁၇ရက် နံနက်ပိုင်းက မန္တလေးတိုင်း မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲ-ယမန်း ရွာအနီး မြစ်ငယ်မြစ်ပေါ်၌ ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်း၏ လက်ယာဘက်ကမ်းရှိ ရှုရပ်မှ ပင်မတမံ Stage-8 R.C.C ကွန်ကရစ် သွန်းလောင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးအား စီမံကိန်း ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က Stage-8 R.C.C တွင် ကွန်ကရစ်သွန်းလောင်းနေမှုနှင့် ရေပိုလွှဲ တွင် C.V.C ကွန်ကရစ်သွန်းလောင်းရန် လျာထားမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ချဉ်းကပ်ဥမင်လိုဏ်တစ်လျှောက် မော်တော်ယာဉ်များနှင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပေးစက်ရုံ၏ စက်အမှတ်(၁)၊ စက်အမှတ်(၂) တည်ဆောက်နေမှု အခြေအနေနှင့် Foundation လုပ်ငန်း လုပ်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက အရည်အသွေး စံချိန်စံညွှန်း အထူးဂရုစိုက်ရန် မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် Stage(9) ၌ ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်နေမှု၊ Switch Yard တည်ဆောက်ရန် မြေကြီး ကျောက်သားတူးဖော်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးအား စီမံကိန်း တစ်ခုလုံး ဆောင်ရွက် ပြီးစီးမှုနှင့် ဆက်လက်လုပ်ဆောင်မည့် အခြေအနေများကို စီမံကိန်း ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းသုံးပစ္စည်းများ အချိန်မီရောက်ရှိရေး၊ စီမံကိန်းကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အလေအလွင့် နည်းပါးရေးတို့ကို မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ တပ်ဆင်မည့် စီမံကိန်းဖြစ်ပြီး စီမံကိန်းတစ်ခုလုံး ၃၇ ဒသမ ၅၃ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တက်တက်ကြွကြွပူးပေါင်းပါဝင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) တွဲဖက်အထွေထွေ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် ဩဂုတ်၁၇ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချို မြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ရောက်ရှိပြီးနောက် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းသားအသင်းသူများနှင့်တွေ့ဆုံ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

iPSTAR Authorized Service Center ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Shin Satellite Public Co., Ltd. ၏ တရားဝင် အသိအမှတ်ပြု iPSTAR ပြုပြင်ရေးစင်တာ ဖွင့်ပွဲကို IT Connector Group က ဩဂုတ် ၁၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ Shin Satellite Public Co., Ltd. ၏ အသိအမှတ်ပြု iPSTAR Authorized Service Center ဖွင့်လှစ်ခွင့် ရရှိသည့် IT Connector Group မှ CEO ဦးခိုင်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး **(ယာပုံ)** Service Center နှင့် သက်ဆိုင်သော အချက်အလက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဖြေကြား

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

iPSTAR ပြုပြင်ရေးစင်တာနှင့် စပ်လျဉ်း၍ သိရှိလိုပါက IT Connector Group အမှတ်၂၆၀ အနော်ရထာလမ်းနှင့် ၈လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၂၆၀၈၊၀၉-၉၉-၂၀၇၄၇၊၀၉-၅၀-၂၇၉၈၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

မိုင်းလားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသင်တန်းဆင်းပွဲ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မိုင်းလားမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၂)သင်တန်းဆင်းပွဲကို ဩဂုတ်၁၇ရက် နံနက်၁၀နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းဝင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသားများ၊ သင်တန်းနည်းပြများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းလက်မှတ်ပေး

ဆက်လက်၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက အခြေခံအဆောက်အအုံ သင်တန်းထူးချွန်ဆုရ မောင်အားလိဖြိုး၊ စက်ပြင်သင်တန်းထူးချွန်ဆုရ မောင်စိုင်းခမ်းလုံနှင့် လျှပ်စစ်ဂဟေသင်တန်းထူးချွန်ဆုရ မောင်စိုင်းယီသန်းတို့အား ထူးချွန်ဆုချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်ထံပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် သင်တန်းအလုပ်ရုံခန်းမအတွင်း သင်တန်းသားများ လက်တွေ့လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြပြီး သင်တန်းသား အိပ်ဆောင်နှင့် ဆောက်လုပ်ဆဲ သင်တန်းသား စားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းကို နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာရပ်များ တတ်မြောက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်နိုင်ခြင်းဖြင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နယ်စပ်ဒေသများတွင် မြို့ပြစီမံကိန်းများနှင့် စက်မှုလုပ်ငန်းများထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

သင်တန်းအမှတ်စဉ်(၂)တွင် အခြေခံအဆောက်အအုံ သင်တန်းသို့ သင်တန်းသား၁၀ဦး၊ စက်ပြင်သင်တန်းသို့သင်တန်းသား ခုနစ်ဦး၊ လျှပ်စစ်ဂဟေသင်တန်းသို့ သင်တန်းသား ၁၀ဦး စုစုပေါင်း သင်တန်းသား ၂၇ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ ၂၄ပတ် ကြာမြင့်ခဲ့ပြီး သင်တန်းကာလအတွင်း သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် လက်တွေ့သင်တန်းသုံးပစ္စည်းများအားလုံး အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သား ဦးစံသာအား ရည်စူး၍ မိခင်ဒေါ်တင်သောင်းအားအမှူးထားပြီး ရန်ကုန်မြို့ ရန်ကင်း ဝါဝါဝင်းအိမ်ရာ တိုက် ၂၉ အခန်း ၁၀၂ နေ ကိုတင်ယု - မမြမြမိုး၊ သမီး မယမင်းတင်ယု၊ မသဇင်တင်ယု မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တီ=နီ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ညောင်တုန်းမြို့ ဗိုလ်မြတ်ထွန်းတံတား ထိန်းသိမ်းရေးလုပ်ငန်း ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၁၈ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြပြီး ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း) တစ်ဖက်ကမ်းတွင် သောင်များဖြစ်ထွန်းနေမှုနှင့် မြစ်ရေလမ်းကြောင်းအခြေအနေ၊ ကမ်းထိန်းလုပ်ငန်းနှင့် ရေလမ်းကြောင်း ပြောင်းလဲမှု၊ ဗိုလ်မြတ်ထွန်းတံတား (ကြိမ်ပင်ဆည်ဘက်ကမ်း)ရှိ ကမ်းထိန်းလုပ်ငန်းနှင့် ရေလမ်းကြောင်းပြောင်းလဲမှု ကြိမ်ပင်ဆည်ဘက်ကမ်း အောင်းရေကျန်ရှိနေမှုအခြေအနေနှင့် တံတားအောက်ဘက်ရှိ ကျောက်စီနံရံ လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ရှင်းလင်းတင်ပြ

ယင်းနောက် ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ကြိမ်ပင်ဆည်ဘက်ကမ်း ကမ်းထိန်းလုပ်ငန်းနှင့်ရေလမ်းကြောင်းပြောင်းလဲမှု လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ နောင်ရေရှည် ဆောင်ရွက်ရန် လိုအပ်မည့်လုပ်ငန်းအစီအမံများ၊ တံတားအောက်မှ ဖြတ်သန်းမောင်းနှင်ကြသည့် ရေယာဉ်များ၏ အစုန်လမ်းကြောင်းနှင့် အဆန်လမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားရှိမှု အခြေအနေနှင့် ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် အနောက်ဘက်ခြမ်းတံတား ရေလမ်းကြောင်း ပြောင်းလဲနေမှု အခြေအနေ၊ အစုန်-အဆန်ရေလည်တိုင်နှင့် ရေလမ်းကြောင်းများ သတ်မှတ် ဝင်ပေါက်/ထွက်ပေါက်ရေလမ်းညွှန်အမှတ်အသားပြသထားရှိမှု၊ ဧရာဝတီမြစ်ရေစီးဆင်းမှု၊ ရေစီးကြောင်း အခြေအနေတို့ကို ရေယာဉ်ဖြင့် ကြည့်ရှု စစ်ဆေးပြီး ညနေပိုင်းတွင် ဗိုလ်မြတ်ထွန်းတံတားမှ ပြန်လည် ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုံးခွမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၇ကိုဩဂုတ် ၁၉ရက် နံနက် ၉နာရီက သုံးခွမြို့နယ် မြို့နယ်အားကစားခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အလှူငွေများ လက်ခံသည်။

ရှေးဦးစွာ သင်းလုံးကျွတ်အစည်းအဝေးကို ကျောင်းသားကျောင်းသူလေးများက ရာသက်ပန် ပြည်ထောင်စုသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

အမှာစကားပြောကြား

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အမှာစကားပြောကြားသည်။

ဆုများပေးအပ်

ဆက်လက်၍ ၂၀၀၇ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ တွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တ အတွင်းရေးမှူး ဦးတင့်ခိုင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် သုံးခွမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းက ငွေကျပ် တစ်သိန်း၊ သုံးခွမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက အလှူငွေကျပ်လေးသိန်းနှင့် သုံးခွမြို့နယ် သီဟရာဇာ မော်တော်ယာဉ်လိုင်းက အလှူငွေကျပ် ၁၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အစည်းအဝေး ပထမပိုင်းကို ခေတ္တ ရပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပ

ထို့နောက် သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဆက်လက် ကျင်းပရာ ရှေးဦးစွာ သဘာပတိ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်မင်းက အမှာစကား ပြောကြားပြီး သင်းလုံးကျွတ်အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၁ ရပ်ကွက် ဓမ္မာရုံလမ်းနေ ဦးအုန်းညွှန့်၊ သားသမီး၊ မြေးမြစ်တစ်စုတို့က ဦးအုန်းညွှန့်၏ (၈၈)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

23-8 (12) 1 8/23/07, 1:37 AM

မြတ်ဗုဒ္ဓ၏ တရားစုများ စာအုပ်ဝယ်ယူနိုင်

သာသနာရေးဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် ရေးသားဖော်ပြထားပြီးဖြစ်သည့် **"လောကသားများအား လိမ္မာယဉ်ကျေးစေရန် ရည်ရွယ်ဟောပြောထားသော မြတ်ဗုဒ္ဓ၏ တရားစုများ"** ပထမတွဲစာအုပ်ကို ရန်ကုန်မြို့ ကမ္ဘာအေး ဝိသုကြုံနိဗ္ဗာန်ကုန် အရောင်းဆိုင်နှင့် ပဒေသရာဇာ စာအုပ်ဆိုင်တို့တွင် ဝယ်ယူအားပေးနိုင်ပါသည်။

ဂုဏ်ရည်အရိုးအကြောလိမ်းဆေးအဆီ

၀၀၀၀ ဒိုင် ၀၇၆၀၁
၁၁/၂၀၀၅ တဆဆလ/ပုံး (၀၂၉၉)

ဤလိမ်းဆေးသည် ဆေးစွမ်းထက်မြက်လှသည့်ဆေးခေါက်၊ ဆေးမြစ်၊ သစ်ဥ၊ ဆေးရွက်တို့ကိုပေါင်းခံကာ အဆီအနှစ် သီးသန့်ထုတ်လုပ်ထားသည့် အတွက် အဆစ်ရောင်ကိုက် ရောဂါကြောင့် ကိုက်ခဲခြင်း၊ ကျီးပေါင်း တက်ခြင်း၊ ဇက်ကြော တက်ခြင်း၊ ဇက်ခိုင်၊ ခေါင်းတ ခြမ်းကိုက် ခြင်း၊ အရိုးအကြော အဆစ်ရောင်ရမ်းခြင်း၊ ခါးနာ၊ ခါးကိုက်ခြင်း၊ ဒူး၊ ဖနောင့်၊ ဖဝါး၊ ခြေလက်ထုံကျဉ်ခြင်း၊ အကြော တက်ခြင်း၊ နာကျင် ခြင်းများကို သက်သာပျောက်ကင်းစေသည်။

ဤဆေး၏ ထူးခြားချက်မှာ ဖယောင်းလုံးဝမပါရှိသည့်အတွက် ချွေးပေါက်ပိတ်ခြင်းမရှိပါ။
အမှတ် (၈၂/၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။ Ph: 641501,
အမြို့မြို့ရှိ ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

RUBY ကားစီးလုံးငှားသည်
503176, 519100
Saloon,Van,Surf,Pick-up
ကားမျိုးစုံ လချုပ်ငှားသည်၊
ယာဉ်ပိုင်ရှင်းနှင့်အိမ်ခြံမြေရောင်းဝယ်၊ ငှားလိုသူများဆက်သွယ်ပါ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဝယ်ယူလိုပါသလား/ရောင်းလိုပါသလား
လူကြီးမင်းတို့ထံမှ မော်ဒယ်အနိမ့် တီဗွီအဟောင်းများကို
မော်ဒယ်အမြင့် တီဗွီအသစ်များဖြင့် လဲလှယ်လိုပါသလား
ရွှေပြည့် တီဗွီ၊ရေခဲသေတ္တာ ရောင်းဝယ်ရေး
အမှတ်(၂၃၄)၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်ဘလောက်)၊ ရန်ကုန်မြို့။
Ph : 378113, 372404, 721632 သို့အရောက်ကြွလှမ်းခဲ့ပါ။
Auto Voltage TV အဟောင်းများကိုလည်း(၃)နှစ်အာမခံဖြင့်လဲလှယ်ရောင်းချပေးနေပါပြီ

ကျေးဇူးဆပ်ပါမည် ကျွန်မ၏ နိုင်ငံကူးလက်မှတ် ၅၇၃၈၃၉ ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းသို့ အကြောင်းကြားပါရန်နှင့် တွေ့ရှိသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။
ဒေါ်တင်မြင့် ဖုန်း-၅၆၅၅၄၃။

ကျေးဇူးဆပ်ပါမည် ကျွန်တော်၏ မနလ အမှတ် ၃၇၈၉၀၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။
မောင်မြင့်ဦး ဖုန်း-၀၉-၅၀၀-၈၉၅၀။

● **ကျောဖုံးမှ**

မြန်မာ့လက်ရွေးစင်အသင်းသည် (က)အုပ်စုတွင် နှစ်ပွဲကစား၊ နှစ်ပွဲစလုံး အနိုင်ရရှိပြီး ခြောက်မှတ်ရရှိထား၍ အကြိုဗိုလ်လုပွဲသို့တက်ရန် အလားအလာ ကောင်းသွားသည်။

ဦးဆောင်ကစား

လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၄၂မိနစ်တွင် အောင်မျိုးသန့်က စတင် တစ်ဂိုးသွင်းယူပြီး ပထမပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

ဒုတိယပိုင်း ၅မိနစ်တွင် မြန်မာ့လက်ရွေးစင်အသင်းအတွက် ရန်ပိုင်က ဒုတိယဂိုးကို သွင်းယူပြီး ၂၄မိနစ်တွင် မလေးရှားအသင်းက တစ်ဂိုးရရှိကာ မြန်မာအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

အုပ်စုနောက်ဆုံး

လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဩဂုတ် ၂၅ရက် ဒေသစံတော်ချိန် ည၉နာရီတွင် လာအိုအသင်းနှင့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(သတင်းစဉ်)

မဲခေါင်ဒေသဆိုင်ရာ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဘောလုံးအသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၂

ထိုင်းနိုင်ငံတွင် ဩဂုတ်၂၂ရက်မှ ၂၇ရက်အထိ ကျင်းပမည့် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဘောလုံးအသင်းသည် ယနေ့နံနက်၁၁နာရီက လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပါဝင်

မြန်မာလူငယ်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးထွန်းအောင်ကျော်၊ နည်းပြဆရာများအဖြစ် ဦးဇော်ဝင်းထွန်းနှင့် ဦးဟန်ထွန်း၊ ဆရာဝန်အဖြစ် ဒေါက်တာတင့်လွင်၊ အားကစားသမားများအဖြစ် စိုးလင်းထွန်း၊ အောင်ဝင်းနိုင်၊ ကျော်ဇေယျာဝင်း၊ ထူးကျော်၊ အေးဆန်း၊ ရန်မျိုးအောင်၊ သီဟစည်သူ၊ ဟိန်းကျော်သူ၊ နေဇော်ထက်၊ နေဝင်း၊ ပြည့်ဖြိုးဦး၊ မြတ်ထူးနိုင်၊ ပိုင်စိုး၊ ကျော်သီဟ၊ ကျော်ဌေးဦး၊ ဇင်မျိုးအောင်၊ တင်အောင်မိုးနှင့် စည်သူသန်းတို့ ပါဝင်ကြသည်။ **(အပေါ်ပုံ)**

ယှဉ်ပြိုင်

မြန်မာအသင်းသည် ရန်ကုန်မြို့မှ တာချီလိတ်မြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာပြီး တာချီလိတ်မှ ထိုင်းနိုင်ငံသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ ပြိုင်ပွဲ၌ မဲခေါင်ဒေသနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ မြန်မာ၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အာရှအကြီးတန်း ကရာတေးဒိုပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၇ခုနှစ် ဩဂုတ် ၂၄ရက်မှ ၂၆ရက်အထိ မလေးရှားနိုင်ငံ Seremban မြို့၌ ကျင်းပမည့်(၈)ကြိမ်မြောက် အာရှအကြီးတန်း ကရာတေးဒိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင်ကရာတေးဒိုအသင်းသည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာ့လက်ရွေးစင် ကရာတေးဒိုအသင်းအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ပါဝင်

မြန်မာ့လက်ရွေးစင် ကရာတေးဒိုအသင်းတွင် ဒုတိယခေါင်းဆောင်အဖြစ် ဦးသိန်းဌေးအောင်၊ အသင်းအုပ်ချုပ်သူအဖြစ် ဗိုလ်မှူးသန့်ဇင်(ငြိမ်း)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာအေးမွန်၊ နည်းပြအဖြစ် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှနည်းပြအရာရှိ ဦးထိန်ဝင်းမြင့်နှင့် လက်ရွေးစင်များအဖြစ် ဝမ်းကိုကိုဦး၊ သိန်းထိုက်အောင်၊ ကျော်ကျော်ထွန်း၊ အောင်ခိုင်ဦးနှင့် သက်ထွဋ်ဦး၊ ယင်းဟုထောင်းလွယ်၊ နန်းဆိုင်မိန်း၊ သင်းသင်းသူဇာနှင့် ဥမ္မာဖြိုးတို့ ပါဝင်ကြသည်။

ကြိုတင်ထွက်ခွာ

အဆိုပါ ပြိုင်ပွဲတွင် ဒိုင်လူကြီးများအဖြစ် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ ဦးမြင့်အောင်၊ ဦးဇော်မြင့်၊ ဦးထွန်းဇော်နှင့် ဦးအောင်ထင်ကျော်တို့လေးဦးသည် ဩဂုတ် ၂၀ရက်တွင် မလေးရှားနိုင်ငံ Seremban မြို့သို့ ကြိုတင် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၈)ကြိမ်မြောက် အာရှအကြီးတန်း ကရာတေးဒိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ကရာတေးဒိုအသင်းကို တွေ့ရစဉ်။ (ကရာတေးဒိုအဖွဲ့ချုပ်)

ဓမ္မဒူတတောရတရားစခန်း

ရန်ကုန် ဩဂုတ် ၂၂

ပဲခူးမြို့ ၁၀မိုင်ကုန်း ဂေါက်ကွင်းအနီးရှိ ဓမ္မဒူတ တောရသာသနာ့ရိပ်သာတွင် စက်တင်ဘာ ၁ရက်မှ ၇ရက်အထိ ဓမ္မဒူတ ဆရာတော် ဒေါက်တာအရှင်ပညိဿရ ကိုယ်တိုင် ဓမ္မာနုပဿနာတရားတော်များ ဟောကြား ပြသမည်ဖြစ်သည်။

တရားအားထုတ်လိုသည့် ယောဂီများသည် ဩဂုတ်၃၁ရက် အရောက်လာကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာ ဖုန်း-၀၅၂-၂၄၅၅၀၊ ၀၉-၅၁-၀၄၆၆၉၊ ကိုကျော်နိုင်(ပဲခူး) ဖုန်း-၀၅၂-၂၃၂၆၂ နှင့် ကိုကျော်ဆန်း(ရန်ကုန်) ဖုန်း-၀၉-၅၀-၁၇၂၉၄တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သွေးလွန်တုပ်ကွေးကာကွယ်

ရန်ကုန် ဩဂုတ် ၂၂

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဩဂုတ် ၈ရက်က ၁၁လမ်းထိပ်၌ ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး အမှိုက်များ ဆည်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အာဆီယံ(ယူ-၁၇)ပြိုင်ပွဲ မြန်မာနှင့်ခင်ကာပူ သုံးဂိုးစီသရေကျ

ရန်ကုန် ဩဂုတ် ၂၂

အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဩဂုတ်၁၉ရက်မှ စက်တင်ဘာ ၁ရက်အထိ ကျင်းပလျက်ရှိသည်။

အုပ်စု(ခ)ပွဲစဉ်အဖြစ် ယနေ့ ညနေပိုင်းက မြန်မာလူငယ်အသင်းနှင့် စင်ကာပူလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်သုံးဂိုးစီ သရေပွဲဖြစ်သွားသည်။

ဩဂုတ်၂၄ရက်တွင် အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာလူငယ်အသင်းနှင့် ဗီယက်နမ်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

(မြန်မာ့အလင်း)

ကြို့ပင်ကောက်မြို့ ဇောဓိရိပ်သာကျောင်းတိုက်၌ ဝါဆိုသင်္ကန်းဆက်ကပ်

ကြို့ပင်ကောက် ဩဂုတ် ၅

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ ဇောဓိရိပ်သာကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၉ရက် နံနက် ၈နာရီက ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ဟိတေသီအဖွဲ့ယောဂီများက ဝါဆိုပန်းနှင့်ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာပါဠိတော်နှင့် ရှစ်လုံးဖွဲ့ကဗျာများကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ကြို့ပင်ကောက်၊ရန်ကုန်၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖိုနှင့် ဇီးကုန်းစသောမြို့များမှ အလှူရှင် ၁၀၀၀ ကျော်တို့က ဆရာတော်ကြီးနှင့် ဝါဆိုတော်မူကြသည့် သံဃာတော်အပါး ၂၀၀ကျော်တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ဝါဆိုသင်္ကန်းဆက်ကပ်ပွဲတွင်အလှူရှင်များ၏ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အမျှအတန်းပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းကြောင်း သိရသည်။ **(၀၄၀)**

ဟောကြား

ဆက်လက်၍ဇောဓိရိပ်သာကျောင်းတိုက် ပဓာန နာယက (ပြည်တွင်း/ပြည်ပသာသနာပြု) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောနကထံမှ ကိုးပါးသီလခံယူတည်ဆောက်ကြပြီး ဆရာတော်ကြီးက ဓမ္မစကြာတရားတော်များကို ဟောကြားချီးမြှင့်တော်မူသည်။

ဩဂုတ် ၁၆ရက်က ပဲခူးတိုင်း မင်းလှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် လူမှုရေး အဖွဲ့အစည်းများ ပူးပေါင်း၍ မင်းလှမြို့အထက်တန်းကျောင်း တစ်ကျောင်းနှင့် မူလတန်းကျောင်း လေးကျောင်းတို့၌ ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

ထားဝယ် ဩဂုတ် ၅

ထားဝယ်ခရိုင်၏ ၂၀၀၇-၂၀၀၈ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ရက် မွန်းလွဲ ၂နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဝင်းက အမှာစကားပြောကြားပြီး ထားဝယ်ခရိုင်စီမံကိန်းဦးစီးဌာနရုံး တာဝန်ခံ ဦးမျိုးညွှန့်က ၂၀၀၆-၂၀၀၇ခုနှစ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကိုလည်းကောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ် စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံထားရှိမှုများကိုလည်းကောင်း ရှင်းလင်း တင်ပြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဌာနဆိုင်ရာများသို့ စီမံကိန်းတာဝန်များ ပေးအပ်သည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သစ်တော သစ်ပင် တို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

မန္တလေးတိုင်း မိခင်/ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းသို့ အလှူငွေ ပေးအပ်လှူဒါန်း

မန္တလေး ဩဂုတ် ၂၀

မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့တို့က (Hospice)ကင်ဆာဖောင်ဒေးရှင်းသို့ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၉နာရီက အဆိုပါဆေးရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဦးလှထွန်း (Hospice) ကင်ဆာဖောင်ဒေးရှင်းမှ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အစီအစဉ်အရ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အလှူငွေလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ ဇနီးဒေါ်ခင်ပြုံးဝင်းမိသားစုက အလှူငွေကျပ်နှစ်သိန်း **(အပေါ်ယာပုံ)**၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က အလှူငွေကျပ်နှစ်သိန်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က အလှူငွေကျပ်နှစ်သိန်း၊ အလှူရှင်များက အလှူငွေကျပ် ၁၆၉၀၆၀၀ စုစုပေါင်းအလှူငွေကျပ် ၂၂၉၀၆၀၀ကို ပေးအပ်လှူဒါန်းကြရာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခဒေါက်တာစိုးထွန်းက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး(Hospice)အကြောင်းကို ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မိုးစပါး ပန်းတိုင်အထွက်နှုန်းနှင့် စက်သုံးဆီဖူလုံရေး အုတ်တွင်း၌ဆွေးနွေး

အုတ်တွင်း ဩဂုတ် ၁၇

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ဆယ်လယ်စုလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ်၁၃ ရက်က ဥယျာဉ်တော်ကျေးရွာအုပ်စု ကျောင်းသစ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က စက်သုံးဆီဖူလုံရေးအတွက် ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး၊ စားသုံးဆီဖူလုံရေးအတွက် နေကြာစိုက်ပျိုးရေးကိစ္စများကို ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းအောင်က တောင်သူတစ်ဦးချင်းဝင်ငွေတိုးတက်ရေးကိစ္စနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးလှမောင်က မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စားသုံးဆီဖူလုံရေးအတွက် ဆောင်းနေကြာ ဒေသရည်မှန်းစိုက်ဧက ၁၀၀၀၀ စိုက်ပျိုးရေးအစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကြက်ဆူပင်မျိုးစေ့ တစ်တင်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၃၁၆)**

မြန်မာအမျိုးသမီးများနေ့ မိုင်းဖြတ်မြို့၌ ကျင်းပ

မိုင်းဖြတ် ဩဂုတ် ၅

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်က မိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်း သိပ္ပံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းဖြတ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စောဝေက အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးခိုင်က ထူးချွန်ထက်မြက်သည့် မြန်မာအမျိုးသမီးများအကြောင်း ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲမှ ဆုရသူများကို ကြေညာပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စောဝေက အထက်တန်းဆင့်ဆုရရှိသူများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်က အလယ်တန်းဆင့်ဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရီက ပြည်နယ်အဆင့်ပြိုင်ပွဲဆုရရှိသူ မနန္ဒာထွန်းအား ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်အမှတ် (၁) မြို့မဈေးအတွင်း မီးဘေး ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် သန့်ရှင်းသပ်ရပ်စွာ စနစ်တကျ ရောင်းချမှု အခြေအနေကို ဇူလိုင် ၁၀ ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးသက်ပိုင်က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၇၀) တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန်ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် လှိုင်မြို့နယ် ၆ မိုင် ခပေါင်းလမ်းသွယ် ၅၂၁(က)နေ ဦးမြဟန်-ဒေါ်သန်းမြင့်၊ မြေးမအေးမြသီရိဇော်မိသားစုတို့က ငွေကျပ် သိန်း ၂၀ ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်နယ်စည်ပင် ညွှန်/မှူး ရေပြွန်တံတား စစ်ဆေး

ပေါက်တော ဩဂုတ် ၃

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် ဇူလိုင် ၂၄ ရက်က ပေါက်တောမြို့ အမှတ်(၅)ရပ်ကွက် ဦးမြဝါလမ်း ကွန်ကရစ်ရေပြွန်တံတားတည်ဆောက်ပြီးစီးမှုကိုကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင်ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် အခန်း ၉၀၆ ကွန်ဒို A တက္ကသိုလ် ရိပ်မွန်အိမ်ရာ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ်နေ ဒေါ်ခင်မြမြနှင့် သားသမီး၊ မြေးတစ်စုတို့က ကျောင်းအလှူတော်အတွက် ပထမအကြိမ်အလှူငွေ ကျပ်ငါးသိန်း လေးသောင်းကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဆရာတော် ဦးဥက္ကံသ Ph.D(Thesis) (ရာဇဂြိုဟ်-နာလန္ဒာ) ရှေ့မှောက်၌ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ကလေးမြို့၌ ချုံနွယ်များရှင်းလင်းဆောင်ရွက်

ကလေး ဩဂုတ် ၂

ကလေးမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရန် အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလတ် ကြီးကြပ်၍ ဒုတိယဦးစီးမှူး(စျေး)ဦးတင့်လွင်၊ ဒုတိယဦးစီးမှူး (စည်းကမ်း)ဦးအေးမင်းထွန်းတို့ ဦးဆောင်ပြီး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် မိုးရာသီကာလအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ရပ်ကွက်ပြည်သူများနှင့် ပူးပေါင်းကာ အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်ကြသည်။ **(၄၁၇)**

ဩဂုတ် ၁၃ ရက်က ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ ကျန်းမာရေးနှင့် ညီညွတ်ရေး၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် စည်ပင်ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအေးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးသန့်ဇင်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ဝါခေါင်လဆန်း ၁၁ ရက်
၂၄-၈-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (PCL နည်းပညာသုံးဗိုင်းရပ်စ်ကောင်ရေစစ်ဆေးမှုအကြောင်း)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ကလေး၏အသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်ပါ (ဘာရေလို့ခေါ်မလဲ)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုး (သို့မဟုတ်) ပုလဲသွယ် (မောင်မောင်ညွှန့်)
(၂) မိုးစက်လေးတွေကြည့်လို့ လွမ်းနေမယ် (ခင်ခင်)
(၃) မိုးမင်းဒေဝါ (ပုသိမ်ခင်မောင်လတ်)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) မေတ္တာတရားထားကြပါ (ခေါင်းကြီး)
(၂) အပြစ်ရှိရင်ခွင့်လွှတ်ပါ (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ကြွားချင်လို့ပါ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အားကစားနှင့် စိတ်အစွမ်း-မောင်ဆုရှင်)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဖိုးလမင်းကိုအောင်သွယ်ခိုင်းမယ် (တွံတေးသိန်းတန်)
(၂) ရွက်စိမ်း (ခင်ညွှန့်ရီ)
(၃) မျက်ရည်ကျရင်း ရယ်ပြပါ့မယ် (ဟသ်ာတ-အောင်တင်ဝင်း)

တနင်္သာရီတိုင်း မြိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၆ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးစိုးဝင်း(ငြိမ်း)က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးကျောင်းသူ ကျောင်းသားများအား ပညာသင်ထောက်ပံ့ငွေပေးအပ်စဉ်။ (မြို့နယ် စစ်မှုထမ်း)

ဒိုက်ဦးမြို့၌ ဆည်များအတွင်း ငါးမျိုးစိုက်ထည့်

ဒိုက်ဦး ဩဂုတ် ၆

ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ငါးသယံဇာတများဖွံ့ဖြိုးတိုးတက်စေရေးနှင့် ငါးထုတ်လုပ်မှု ပိုမိုမြင့်မားစေရေးအတွက် ဆည်များအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်းကို ဇူလိုင် ၃၀ ရက်က ဆောင်ရွက်ခဲ့ရာ ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဒေါ်ဥမ္မာထွန်းနှင့် ဝန်ထမ်းများစုပေါင်း၍ ငါးမြစ်ချင်းမျိုး ငါးကောင်ရေ ၁၂သိန်းကို မြို့နယ်အတွင်းရှိ ဘောနီဆည်၊ ဘိုင်းဒါးဆည်၊ ကောလိယ ဆည်နှင့် ပျဉ်ပုဆည်များအတွင်း မျိုးစိုက်ထည့်ပေးခဲ့ရာ ဆည်အလိုက် တာဝန်ခံများက လက်ခံယူပြီး ဆည်များအတွင်း ငါးမျိုးစိုက်ထည့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင် ၂၀ ရက်က သာပေါင်းမြို့ အဝင်လမ်းဘေး ဝဲယာတစ်လျှောက်တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပန်းအလှပင်များ စိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးအောင်သူဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဇန်းမောက်၌ စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်း

ဇန်းမောက် ဩဂုတ် ၆

စစ်ကိုင်းတိုင်း ကသာခရိုင် ဇန်းမောက်မြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရတနာချင်းတွင်းကုမ္ပဏီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်ရွှေ(အငြိမ်းစား)က ငွေကျပ် ၉၈၅၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်မျိုးစုံ ၄၄၅ အုပ်ကို ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီက ရတနာချင်းတွင်းကုမ္ပဏီရုံးခန်း၌ ပေးအပ်လှူဒါန်းရာ ဇန်းမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမနားထန်းက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

THREE STAR

Air-con, ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး၊ Door to Door ဆောင်ရွက်ပေးသည်။
ဖုန်း-၇၀၅၇၈၄၊ ၀၉-၅၁-၆၃၄၈၀။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ကျော်ဇင်ဦး(တတိယနှစ်၊ဒဂုံတက္ကသိုလ်)သည် မိဘများ သင်ပေးသောပညာကို ပြီးဆုံးအောင်သင်ယူခြင်း မရှိသည့်အပြင် မိဘဆွေမျိုးများအား (အမြဲတမ်း) ရိုင်းပျစော်ကားမှုများ ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ (နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။)
ဦးသိဏ်းရွှေ(ဖခင်) ၁၂/မပတ(နိုင်)၀၀၀၉၅၅
အမှတ်-၂၂၊ ဆင်ရေတွင်းလမ်း၊ ကမာရွတ်။

ဝမ်းနည်းကြေကွဲခြင်း
ဦးလှကြည်(ရောကြီး)
တပ်မတော်မှတ်တမ်းရုံး(အငြိမ်းစား)
အသက် (၈၁)နှစ်

မြန်မာ့သဘော်ာကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုး-ဒေါက်တာဒေါ်ကြည်ကြည်လွင်တို့၏ ဖခင်ဦးလှကြည် အသက်(၈၁)နှစ်သည် ၂၀-၈-၂၀၀၇ ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
အရာထမ်း၊ အမှုထမ်းများ၊
မြန်မာ့သဘော်ာကျင်းလုပ်ငန်း။

ကျေးဇူးတင်ရှိခြင်း
ဒုတိယဗိုလ်မှူးကြီးရဲနိုင်(ငြိမ်း)မျက်စိကုသပါရဂူ ပါမောက္ခ တပ်မတော်ဆေးတက္ကသိုလ်(ငြိမ်း) တွဲဖက်ပါမောက္ခ(ဆေးတက္ကသိုလ်၊ မလေးရှားနိုင်ငံ) အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု ပထမဆုရ စာရေးဆရာ ဒေါက်တာရဲနိုင်

၁၈-၈-၂၀၀၇ရက် ဈာပနအခမ်းအနားတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးနှင့် ဇနီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀) တပ်မှူးနှင့် ဇနီး၊ အထူးကြပ်မတ်ဆေးကုသပေးခဲ့ကြသော ပါရဂူကြီးများ၊ သူနာပြုများ၊ ဆေးဝန်ထမ်းများနှင့် တကွ ခန္ဓာကိုယ်လှူဒါန်းရာတွင် လက်ခံဆောင်ရွက်ပေးသော တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် အရာရှိကြီးများ၊ ရပ်ဝေးရပ်နီး အသီးသီးမှ ဝမ်းနည်းကြောင်း အကြောင်းကြားစာပေးပို့သူများ၊ တပ်ဘက်၊ နယ်ဘက်မှ မိတ်ဆွေများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။
ကျန်ရစ်သူမိသားစု
ဒေါ်ခင်လေးရီဝင်း၊ နိုင်အောင်ကို၊ သက်ထွန်းအောင်၊ ဝင့်မွန်သန့်။

ဖခင်အမည်မှန်

အထက(၃)လှိုင်မြို့နယ် တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်မျိုးကိုသူ၏ ဖခင် အမည်မှန်မှာ ဦးသန်းဇော် ၈/ကမန(နိုင်)၀၁၄၉၀၁ ဖြစ်ပါကြောင်း။ **ဦးသန်းဇော်။**

အမည်ပြောင်း

အဖဦးခင်အုန်း၏ သမီး မဒေလီယာ ၁/မညန(နိုင်)၁၀၄၃၄၃ အား မခတ္တာစံ ဟု ပြောင်းလဲခေါ်ပါရန်။ **မခတ္တာစံ။**

အမည်ပြောင်း

အဖဦးမောင်သင်-အမိဒေါ်အေးအေးဝင်းတို့၏ သမီး ပဲခူးတိုင်း ညောင်လေးပင်မြို့ အခြေခံ ပညာအလယ်တန်းကျောင်း စတုတ္ထတန်း(A)မှ မရည်မွန်အောင်အား မရတနာအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မရတနာအောင်။**

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်စိုး(လက်ထောက်ညွှန်ကြားရေးမှူး) ငါးလုပ်ငန်းဦးစီးဌာန တွံတေးငါးလုပ်ငန်းစခန်းတာဝန်ခံ
အသက် (၅၄)နှစ်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးမြင့်စိုး (လက်ထောက်ညွှန်ကြားရေးမှူး)သည် ၁၉-၈-၂၀၀၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ညွှန်ကြားရေးမှူးချုပ်နှင့်
ငါးလုပ်ငန်းဦးစီးဌာနမိသားစု။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့ အထက(၂) သတ္တမတန်း(ဂ)မှ မရွှယ်ရူးဟာတီး ပဥ္စမတန်း(ဂ)မှ မဟာမီတို့၏ ဖခင်အမည်မှန်မှာ ဦးဒန်ခါဖြစ်ပါကြောင်း။
ဦးဒန်ခါ။

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုင်းလုံးတစ်(ကျိုင်းတုံ)သည် ၂၀-၈-၂၀၀၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။
ဦးသန်းလွင်နှင့် ဇနီးမိသားစု
ပြည့်ငြိမ်းချမ်းကုမ္ပဏီလီမိတက်။

နိုင်ငံတော်၏ ဆောင်ရွက်ချက်များ တိုင်းရင်းသားပြည်သူများ နားလည်အောင် ရှင်းလင်းပြသ ဝန်ထမ်းများအနေဖြင့် ဘက်စုံတတ်ကျွမ်းအောင်လေ့လာပြီး နိုင်ငံတော်နှင့် ဒေသအကျိုးရှေးရှု ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များကို တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းထမ်းဆောင်

နေပြည်တော် ဩဂုတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီတွင် တန့်ယန်းမြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပြည်သူများနှင့် ဒေသခံတောင်သူများကို တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ပတ္တမြားဥယျာဉ် ကုမ္ပဏီပိုင် ကြက်ဆူဆီကြိတ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ဒုတိယနေ့ဆက်

ရန်ကုန် ဩဂုတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၇)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၂ ✻

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၇)တွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံသားများ မြန်မာဘာသာဖြင့် ကွန်ပျူတာအင်တာနက် အသုံးပြုနိုင်ပြီ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၂

မြန်မာ့အိုင်တီပညာရှင်လူငယ်များ၏ကြိုးစားမှုမှာအားရစရာကောင်းသည်။ အချိန်နှင့်အမျှ တီထွင်ဆန်းသစ်နေမှုကြောင့် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ခဲ့သည်။ ယင်းမှာ မြန်မာ့အိုင်တီပညာရှင် လူငယ်လေးတစ်ဦးဖြစ်သည့် မောင်ထူးမြင့်နောင်က မိုင်မြန်မာယူနီကုတ်စနစ် (ဒုတိယမျိုးဆက်)ကို တီထွင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

တွေ့ဆုံ

ထို မိုင်မြန်မာယူနီကုတ်စနစ် (ဒုတိယမျိုးဆက်)နှင့်ပတ်သက်၍ လက်တွေ့စမ်းသပ်အသုံးနိုင်ရန်အတွက် စတင်မိတ်ဆက်တင်ပြခြင်း အခမ်းအနားကို *စာမျက်နှာ ၉ ကော်လံ ၁* ■

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဆက်လက် ဖော်ပြသွားပါမည်

ရန်ကုန် ဩဂုတ် ၂၂

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။
(သတင်းစဉ်)

မာဒေးကားဖိတ်ခေါ် ပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်း အိမ်ရှင် မလေးရှားကို အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၇ ခုနှစ် (၃၉)ကြိမ်မြောက် မာဒေးကားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ယနေ့ ဒေသစံတော်ချိန် ည ၉ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အုပ်စုမှ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အိမ်ရှင်မလေးရှားနိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ●